ဆည်မြောင်းဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# *အဆင့်မြင့်လယ်ယာဖော်ဆောင်နည်းလမ်းညွှန်*

နေပြည်တော်၊ ဇမ္ဗူသီရိ မြို့နယ်တွင်း စိုက်ပျိုးရေပေးဝေခြင်းစနစ်များ
ပြန်လည်ပြုပြင်ရန်အကြိုလေ့လာပြင်ဆင်ခြင်းစီမံကိန်းမှ
အခြေခံ တင်ပြခြင်း

ဩဂုတ်လ၊ ၂၀၁၄

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ

စန်းယုအတိုင်ပင်ခံအဖွဲ့(ဂျပန်)

| RD |
| --- |
| JR |
| 14-070 |

# ဥယောဇဉ်

ယခုလမ်းညွှန်စာအုပ်သည် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေပေးဝေခြင်းစနစ်များပြန်လည်ပြုပြင်ရန် အကြိုလေ့ လာပြင်ဆင်ခြင်းစီမံကိန်းအောက်ရှိ အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးရှေ့ပြေးစီမံကိန်းမှ ရရှိလာသောအတွေ့ အကြုံသင်ခန်းစာများကို အခြေခံကာပြုစုထားခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းတွင် စီမံကိန်းဝင်တောင်သူ (၁၃၈) ဦးနှင့် ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ (၃၃၈)ကေပါဝင်ပြီး စီမံကိန်းအား ၂၀၁၃ခုနှစ် ဧပြီလတွင်စတင်အ ကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ယခုလမ်းညွှန်စာအုပ်ကိုလေ့လာခြင်းအားဖြင့် အထက်ဖော်ပြပါစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်အလက်များ၊ ကုန်ကျစရိတ်များ၊ လုပ်ငန်းအစီအစဉ်များ၊ ဒီဇိုင်းပုံစံများ စသည်တို့ ကိုစုံစုံလင်လင်ထည့်သွင်းဖော်ပြထားပြီး စီမံကိန်းဝင်တောင်သူအဖွဲ့အစည်းများထူထောင်ခြင်း၊ လယ်ယာမြေ များပြန်လည်နေရာချထားခြင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲပြဿနာများ၊ စီမံကိန်းတစ်လျှောက် ကျင်းပပြု လုပ်ခဲ့သော တောင်သူဆွေးနွေးပွဲများစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ဤလမ်းညွှန်တွင်ဖော်ပြပါရှိသည့် စီမံကိန်းအတွေ့အကြုံများ လေ့လာတွေ့ရှိချက်များနှင့် အကြောင်းအရာ အားလုံးတစ်ထပ်တည်းကျ တူညီရန်ခက်ခဲသည်မှန်သော်လည်း အချက်အလက်များစွာတို့မှာ အနာဂါတ်ကာလ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် အဆင့်မြင့်လယ်ယာစီမံကိန်းများအတွက် ကောင်းစွာအသုံးဝင်ပါ လိမ့်သည်။

ယခုလမ်းညွှန်စာအုပ်အား မြန်မာနိုင်ငံ၏ အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းများကို အဓိကတာဝန် ယူဖော်ဆောင်လျက်ရှိသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းဦးစီး ဌာန စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တောင်သူအဖွဲ့ဖွဲ့စည်းရေးအတွက် ပူးပေါင်း ဆောင်ရွက်သင့်သည့် သမဝါယမဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့အစည်းဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန စသည့်ဌာနများမှ အမှုထမ်းအရာထမ်းများအတွက် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည့်အားလျော်စွာ ဖော်ပြပါ ဌာနဆိုင်ရာများအနေဖြင့် အနာဂါတ်ကာလ မြန်မာနိုင်ငံအတွင်း အဆင့်မြင့်လယ်ယာများ လက်တွေ့အကောင် အထည်ဖော်ရာတွင် ယခုလမ်းညွှန်ပါ အကြံပြု စည်းမျဉ်းစမ်းကမ်းများ၊ အစီအစဉ်များကိုလေ့လာအသုံးချ၍ ကြိုးစားအကောင်အထည်ဖော်နိုင်မည်ဟု မျော်လင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် ယခုအဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းအား အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် JICA စီမံကိန်းအဖွဲ့နှင့်အတူလက်တွဲ၍ ကြီးကြပ်အကောင်အထည်ဖော်ခဲ့ကြသည့် မြို့နယ်၊ ခရိုင်၊ ရုံးချုပ် အဆင့်ဆင့်အသီးသီးမှ သက်ဆိုင်ရာဌာနဆိုင်ရာအမှုထမ်း၊ အရာထမ်းများနှင့်တကွ အဖက်ဖက်မှ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာပုဂ္ဂိုလ်များအားလုံးကို ဂျပန်အပြည်ပြည်ဆိုင်ရာပူး ပေါင်းဆောင်ရွက်ရေးအေဂျင်စီအနေဖြင့် အထူးတလည်ကျေးဇူးဥပကာရ တင်ရှိပါကြောင်းပြောကြားလိုပါသည်။ စီမံကိန်းအားပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြသည့် ဌာနများ၊ ပုဂ္ဂိုလ်များအားလုံးအနေဖြင့် အဖက်ဖက်မှအ ကောင်းဆုံးကြိုးစားအားထုတ်ခဲ့ကြသည့်အတွက် ဤလမ်းညွှန်စာအုပ်သည် ကျွန်ုပ်တို့ရည်ရွယ်သည့်အတိုင်း မြန် မာနိုင်ငံ၏ အနာဂါတ်ကာလအဆင့်မြင့်လယ်ယာစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ များစွာအထောက် အကူပြုပေးနိုင်မည်ဟု ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မျှော်လင့်မိပါကြောင်း

**ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)**

# မာတိကာ


**အခန်း (၁) အဆင့်မြင့်လယ်ယာဖော်ဆောင်နည်း လမ်းညွှန်စာအုပ်မိတ်ဆက်**

(၁.၁) လမ်းညွှန်စာအုပ်အကြောင်းဖော်ပြချက် ........ ၁-၁

(၁.၂) လမ်းညွှန်စာအုပ်၏ အခြေခံအကြောင်းအရာ ........ ၁-၁

(၁.၃) နစ်နာမှုဆိုင်ရာ ကိုင်တွယ်ရန်နည်းလမ်း(ဂါ)လမ်းစဉ ........ ၁-၂

**အခန်း (၂) အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းများ၏ အကြောင်းရင်းခံ**

(၂.၁) နောက်ခံသမိုင်းကြောင်းအကျဉ်း ........ ၂-၁

(၂.၂) ဂျပန်နိုင်ငံမှအတွေ့အကြုံများ ........ ၂-၁

(၂.၃) တရားဝင်စည်းမျဉ်းများ ........ ၂-၃

(၂.၃.၁) တရားဝင်လိုအပ်ချက်စည်းမျဉ်း ........ ၂-၄

(၂.၃.၂ ) အနာဂါတ်ဦးတည်ချက်များနှင့် အနာဂါတ်အလားအလာကောင်းများ ........ ၂-၅

**အခန်း (၃) အဆင့်မြင့်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ခြင်း**

(၃.၁) အကောင်အထည်ဖော်ရန် ကနဦးအစီအစဉ ........ ၃-၁

(၃.၂) လုပ်ငန်းအကောင်အထည်ဖော်ခြင်းအဆင့်များ ........ ၃-၂

(၃.၃) လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရှိသူများအား အတည်ပြုသတ်မှတ်ခြင်း ........ ၃- ၄

(၃.၄) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်များအားလုံးပါဝင်သောပထမအကြိမ်အစည်းအဝေး ........ ၃-၆

(၃.၅) လယ်သမားအဖွဲ့ဖွဲ့ခြင်း (ဒုတိယအကြိမ်အစည်းအဝေး) ........ ၃- ၇

(၃.၅.၁) လယ်သမားအဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံများ ........ ၃- ၈

(၃.၅.၂) တောင်သူအဖွဲ့ အစည်း မှတ်ပုံတင်ခြင်း ........ ၃-၉

(၃.၆) လယ်ယာမြေပြန်လည် နေရာချထားခြင်းအစီအစဉ်အား ထူထောင်ခြင်း ........ ၃-၉

(၃.၆.၁) လယ်ယာမြေဆုံးရှုံးများအပေါ် သဘောတူညီခြင်း၊ တတိယအကြိမ်တောင်သူအစည်းအဝေး ........ ၃-၉

(၃.၆.၂) လယ်ယာမြေပြန်လည်နေရာချထားခြင်း၊ လေးကြိမ်မြောက်အဖွဲ့ဝင်များအစည်းအဝေး ........ ၃-၁၁

(၃.၇) ပြန်လည်နေရာချထားသောလယ်ယာမြေများအားလုပ်ပိုင်ခွင့်အတည်ပြုသတ်မှတ်ခြင်း ........ ၃-၁၂

**အခန်း (၄) အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးအတွက် နည်းပညာလမ်းညွှန်**

(၄.၁) အဆင့်မြင့်လယ်ယာဖော်ဆောင်ရေး လုပ်ငန်းများ၏ လုပ်ငန်းစဉ်များ ........ ၄-၁

(၄.၂) အဆင့် (၁) ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ........ ၄-၂

(၄.၂.၁) အကြိုစုံစမ်းစစ်ဆေးမ ........ ၄-၂

(၄.၂.၂) အသေးစိတ် စုံစမ်းစစ်ဆေးမှုများ ........ ၄-၃

(၄.၃) အဆင့် (၂) အစီအစဉ်နှင့် ပုံစံရေးဆွဲခြင်း ........ ၄-၅
(၄.၃.၁) အစီအစဉ် ရေးဆွဲခြင်း ........ ၄-၅
(၄.၃.၂) စီမံကိန်း ဧရိယာ ရွေးချယ်ခြင်း ........ ၄-၅
(၄.၃.၃) မြေယာစီမံခန့်ခွဲခြင်း အစီအစဉ ........ ၄-၆
(၄.၃.၄) မြေညှိခြင်းအစီအစဉ ........ ၄-၆
(၄.၃.၅) သွင်းရေအစီအစဉ ........ ၄-၉
(၄.၃.၆) ရေထုတ်ခြင်းအစီအစဉ ........ ၄-၉
(၄.၃.၇) ကုန်ထုတ်လမ်းအစီအစဉ ........ ၄-၁၀
(၄.၃.၈) အကျိုးရှိသော မြေဆီလွှာ မွန်းမံမှုအစီအစဉ ........ ၄-၁၂
(၄.၄) အဆင့် (၃) ဆောက်လုပ်ရေး ........ ၄-၁၄
(၄.၄.၁) ဆောက်လုပ်ရေးလုပ်ငန်းစဉ ........ ၄-၁၄
(၄.၄.၂) ယာယီလုပ်ငန်းစဉ်များ ........ ၄-၁၄
(၄.၄.၃) မြေသားရွှေ့လျားခြင်း- အပေါ်ယံမြေသား ထိန်းညှိခြင်း ........ ၄-၁၅
(၄.၄.၄) မြေတူးခြင်းနှင့် မြေဖို့ခြင်း ........ ၄-၁၆
(၄.၄.၅) မြေညှိခြင်းနှင့် အုပ်စုခွဲခြင်း ........ ၄-၁၆
(၄.၄.၆) တည်ဆောက်ရေးစက်ယန္တရားများ ရွေးချယ်မ ........ ၄-၁၇
(၄.၅) စံနူန်းထားတည်ဆောက်ရေးကုန်ကျစရိတ ........ ၄-၁၉

## အခန်း (၅) သဘာဂပတ်ဝန်းကျင်နှင့် လူနေမှုပန်းကျင်ဆိုင်ရာကဏ္ဍများ

(၅.၁) လေ့လာရမည့် ပတ်ဝန်းကျင်နှင့် လူမှုရေးရာ အချက်များ ........ ၅-၁
(၅.၂) သဘာဂပတ်ဝန်းကျင်နှင့်လူနေမှုပန်းကျင်ရာထည့်သွင်းစဉ်းစားမှုများ ........ ၅-၁
(၅.၂.၁) အခြားနည်းများများကိုစဉ်းစားခြင်း ........ ၅-၁
(၅.၂.၂) စီမံကိန်းနယ်မြေသတ်မှတ်ခြင်းနှင့်လိုအပ်သောကိုးကားဖော်ညွှန်းချက် ........ ၅-၂
(၅.၂.၃) ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်သက်ရောက်မှု အကဲဖြတ်သုံးသပ်ခြင်း ........ ၅-၆
(၅.၂.၄) လျော့နည်းသက်သာစေမည့် နည်းလမ်းများ ........ ၅-၈
(၅.၂.၅) သဘာဂပတ်ဝန်းကျင်ဆိုင်ရာ လေ့လာစောင့်ကြည့်ရေး အစီအစဉ ........ ၅-၉
(၅.၃) ပြန်လည်နေရာချထားခြင်း ဖော်ဆောင်ရေး အစီအစဉ် ပြင်ဆင်ခြင်း- မြေယာacquisition. ........ ၅-၁၁
(၅.၃.၁)မြေယာacquisitionအတွက်လိုအပ်ချက်များနှင့် လျော်ကြေးပေးအပ်ခြင်းနည်းလမ်းများ ........ ၅-၁ ၁
(၅.၃.၂)စီမံကိန်း၏အကျိုးသက်ရောက်မှုသတ်မှတ်ခြင်း ........ ၅-၁၂
(၅.၃.၃) မြေယာ acquisition သဘောတူညီချက ........ ၅-၁၃
(၅.၃.၄) စောင့်ကြည့်လေ့လာရေးအဖြစ်အပျက်များ ........ ၅-၁၄
(၅.၄) တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းခြင်း ........ ၅-၁၄

(၅.၅) ဆွေးနွေးညှိနှိုင်းပွဲများ........................................................................................................................ ၅-၁၅

**ဒီဇိုင်းပုံများ**

ပုံ (၁) - အဆင့်မြင့်လယ်ယာစီမံကိန်းအစီအစဉ်ပုံစံနမူနာ လယ်ယာမြေ(၃၄၂)ဧက၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်ကောင်စီနယ်မြေ

ပုံ (၂) - စံနှုန်းထားတွက်ချက်မှုအရ မြေနေရာချထားပုံ

ပုံ (၃) - ပင်မကုန်ထုတ်လမ်း၊ ကုန်ထုတ်လမ်းငယ်နှင့် ရေစီးဆင်းမှုလမ်းကြောင်း

ပုံ (၄) - တစ်ပေပီဗွီစီပိုက်ထိန်းညှိဘား

ပုံ (၅) – Head Regulator

ပုံ (၆) - ရေပမာဏစစ်ဆေးရန်နေရာ

ပုံ (၇) - သစ်သားရေထုတ်နေရာစွန်း

ပုံ (၈) - ရှစ်လက်မပီဗွီစီပိုက် မြေအောက်ဆက်လိုင်း

ပုံ (၉) - သုံးပေအာရ်စီစီပိုက် မြေအောက်ဆက်လိုင်း

ပုံ (၁၀) - တစ်ပေချောက်လက်မပိုက် ထွန်စက်ဘန်း(Berm)

ပုံ (၁၁) - သစ်သားတံတား

ပုံ (၁၂) - တေးလ်တည်ဆောက်ပုံ

**ဇယားများ**


ဇယား (၂.၃.၁) အကောင်အထည်ဖော်ရမည့် တရားဝင်မူဘောင်၊ လက်ရှိဦးတည်ချက်/အနာဂါတ်အလားအလာ ................ ၂-၅

ဇယား (၃.၂.၁) လအလိုက်လုပ်ငန်းအကောင်အထည်ဖော်ခြင်းပြဇယား ................................................................ ၃-၂

ဇယား (၃.၃.၁) စီမံကိန်းဧရိယာပါလယ်မြေဧကနှင့်တောင်သူများစာရင်းအားအတည်ပြုသတ်မှတ်ခြင်းဇယား...................... ၃-၆

ဇယား (၃.၄.၁) တောင်သူအစည်းအဝေးတက်ရောက်သူမှတ်တမ်းနှင့် သဘောတူညီချက်ရယူမှုနမူနာပုံစံ......................... ၃-၇

ဇယား (၃.၆.၁) စီမံကိန်းဧရိယာပါလယ်မြေဧကနှင့်တောင်သူများစာရင်းအား အတည်ပြုသတ်မှတ်ခြင်းဇယား.................. ၃-၁၁

ဇယား (၄.၃.၁) စိုက်ကွက်ငယ်၊ စိုက်ကွက်နှင့် စိုက်ကွင်းများဖွဲ့စည်းခြင်းပြပုံ ............................................................ ၄-၈

ဇယား (၄.၃.၂) Cone Indices နှင့် စက်ယန္တရားကြီးများ၏ လုပ်ငန်းလုပ်နိုင်စွမ်းရည်ဆက်စပ်မှုပြဇယား ......................... ၄-၁၄

ဇယား (၄.၄.၁) စက်ယန္တရား အသုံးပြုသောလုပ်ငန်းစဉ် စံနမူနာ (၁၀၀ ဟက်တာ)................................................. ၄-၁၈

ဇယား (၄.၄.၂) လိုအပ်သောစက်ယန္တရားများ၏ စံနှုန်းထား အရေအတွက် (၁၀၀ ဟက်တာ) ..................................... ၄-၁၈

ဇယား (၄.၅.၁) စံနှုန်းထား တည်ဆောက်ရေးကုန်ကျစရိတ် (၁၀၀ ဟက်တာ) ...................................................... ၄-၁၉

ဇယား (၄.၅.၂) စံနှုန်းထား တည်ဆောက်ရေးလုပ်ငန်းစဉ်အဆင့်အလိုက် ကုန်ကျစရိတ် (၁၀၀ ဟက်တာ)...................... ၄-၁၉

ဇယား (၅.၂.၁) အဆင့်မြင့်လယ်ယာဖော်ဆောင်ရေး စီမံကိန်းအတွက် အခြားနည်းလမ်းများ လေ့လာခြင်း ဥပမာ ................ ၅-၂

ဇယား (၅.၂.၂) အဆင့်မြင့်လယ်ယာ ဖော်ဆောင်ရေးစီမံကိန်းအတွက် Scoping Matrix ဥပမာ...................................... ၅-၃

ဇယား (၅.၂.၃) နယ်ပယ်အလိုက် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများအတွက် ဥပမာ TOR........... ၅-၅

ဇယား (၅.၂.၄) နယ်ပယ်သတ်မှတ်ခြင်းရလ်းများနှိုင်းယှဉ်မှု သက်ရောက်မှုသုံးသပ်ချက် ဥပမာ ....................................... ၅-၆

ဇယား (၅.၂.၅) ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးရွားစွာသက်ရောက်မှုကို လျော့နည်းသက်သာစေမည့် နည်းလမ်းဥပမာ ................. ၅-၈

ဇယား (၅.၂.၆) ထောက်ခံထားသည့် စောင့်ကြည့်လေ့လာရေး အစီအစဉ် (တည်ဆောက်ရေးအဆင့်)............................. ၅-၉

ဇယား (၅.၂.၇) ထောက်ခံထားသော စောင့်ကြည့်လေ့လာရေး ပုံစံ (တည်ဆောက်ရေးအဆင့်) .................................. ၅-၁၀

ဇယား (၅.၃.၁) စီမံကိန်း အကျိုးသက်ရောက်သော အရေအတွက်နှင့်လူဦးရေများ ဖော်ပြခြင်း ဥပမာ ............................ ၅-၁၂

ဇယား (၅.၃.၂) အဆင့်မြင့် လယ်ယာကွက် ဖော်ထုတ်အသုံးပြုမည့် မြေဧရိယာနှင့် ဆုံးရှုံးမည့် မြေဧရိယာ ....................... ၅-၁၃

ဇယား (၅.၃.၃) အကြံပြု စောင့်ကြည့်လေ့လာရေး ပုံစံ (တာဝန်ရှိ အဖွဲ့အစည်း-တောင်သူလယ်သမား အဖွဲ့အစည်း) ........... ၅-၁၃

ဇယား (၅.၅.၁) စံပြု ဆွေးနွေးညှိနှိုင်းပွဲများ ဥပမာ ........................................................................................ ၅-၁၅


**ပုံများ**


ပုံ (၂.၂.၁) ၁၉၀၀-၁၉၃၉ ခုနှစ်များအတွင်း ဂျပန်နိုင်ငံတွင် အဆင့်မြင့်လယ်ယာဖော်ဆောင်မ......................................... ၂-၂

ပုံ (၂.၂.၂) ၁၉၀၀-၁၉၃၉ ခုနှစ်များအတွင်း ဂျပန်နိုင်ငံ၏ လယ်ယာလုပ်ငန်းခွင် ......................................................... ၂-၂

ပုံ (၂.၂.၃) (၀.၂)ဟက်တာမှ (၁)ဟက်တာထက်အကျယ်လယ်ကွက်များဖော်ဆောင်ခြင်း ........................................... ၂-၃

ပုံ (၂.၂.၄) စိုက်ပျိုးချိန်နှင့်ကုန်ကျစရိတ်များလျှော့ချနိုင်ခြင်း ................................................................................. ၂-၃

ပုံ (၃.၁.၁)အဆင့်မြင့်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ခြင်းနည်းလမ်းပြပုံ .................................................. ၃-၁

ပုံ (၃.၂.၁) လယ်ယာမြေများနှင့် လယ်သမားများအား အတည်ပြုသတ်မှတ်ခြင်း....................................................... ၃- ၃

ပုံ (၃.၅.၁) တောင်သူအဖွဲ့အစည်းအတွင်း လုပ်ငန်းနှင့် အစီအစဉ်များရေးဆွဲလည်ပတ်ပုံ ............................................ ၃- ၈

ပုံ (၃.၆.၁) ကုန်ထုတ်လမ်း၊ ရေမြောင်းများတည်ဆောက်ရန်အတွက်လယ်ယာမြေဧရိယာအချို့ထည့်ဝင်ရမှုအပေါ်ရှင်းလင်းပုံ ၃-၁၀
ပုံ (၃.၆.၂) လယ်ယာမြေပြန်လည်နေရာချထားရေးမှတ်တမ်း(အကြမ်း)........................................ ၃-၁၂
ပုံ(၄.၃.၁) စိုက်ကွက်ငယ်၊ စိုက်ကွက်နှင့် စိုက်ကွင်းများဖွဲ့စည်းခြင်းပြပုံ........................................ ၄- ၇
ပုံ (၄.၃.၂) အထူးအခြေအနေများအောက်တွင် စိုက်ကွယ်ငယ်များကို ဆုံးဖြတ်ခြင်း (အပေါ်မြင်ကွင်း)........................ ၄-၈
ပုံ (၄.၃.၃) အထူးအခြေအနေများအောက်တွင် စိုက်ကွယ်ငယ်များကို ဆုံးဖြတ်ခြင်း (ဘေးတိုက်မြင်ကွင်း)........................ ၄-၈
ပုံ (၃.၄.၁) နီးစပ်ရာအကွက်များသို့ ယာယီမြေပုံခြင်း နည်းလမ်း ဥပမာပုံ ........................................ ၄-၁၅
ပုံ (၄.၄.၂) စက်ပိုင်းပုံမြေသားပုံခြင်းလမ်းကြောင်း ဥပမာပြပုံ ........................................ ၄-၁၆
ပုံ (၅.၄.၁) သဘောထားကလွဲမှုများအား ကိုင်တွယ်ဖြေရှင်းပုံနည်းလမ်းအဆင့်ဆင့်ဥပမာပြပုံ ........................ ၅-၁၅

## <u>စာကွက်များ</u>

စာကွက် (၃.၁) လယ်ယာမြေနှင့်လယ်သမားများအားအတည်ပြုသတ်မှတ်ခြင်း ........................................ ၃- ၄
စာကွက်(၃.၂) လက်ရှိမြေနေရာနှင့် မြေပိုင်ရှင်စာရင်းအား အတည်ပြုသတ်မှတ်ခြင်း........................................ ၃- ၄
စာကွက် (၃.၃) အစည်းအဝေး........................................................................................ ၃- ၅
စာကွက် (၃.၄) အခက်အခဲများ........................................................................................ ၃- ၇
စာကွက် (၃.၅) စီမံကိန်းမတိုင်မီနှင့်အပြီးသီးနှံအလိုက်ဝင်ငွေရရှိမှုနှိုင်းယှဉ်ချက် ........................................ ၃-၁၀
စာကွက် (၃.၆) သင့်လျော်သော ဈေးနှုန်းသတ်မှတ်ခြင်း ........................................................................၃.၁၃
စာကွက် (၅.၁) Involuntary ပြန်လည်နေရာချထားခြင်းအတွက် JICA ၏ မူဝါဒများ ........................................ ၅-၁၃

# အခန်း (၁) အဆင့်မြင့်လယ်ယာဖော်ဆောင်နည်း လမ်းညွှန်စာအုပ်မိတ်ဆက်

## (၁.၁) လမ်းညွှန်စာအုပ်အကြောင်းဖော်ပြချက်

အဆင့်မြင့်လယ်ယာဖော်ဆောင်နည်းလမ်းညွှန်တွင် စပါးသီးနှံစိုက်ပျိုးသော စိုက်ပျိုးမြေများအားအဆင့်မြင့်လယ်ယာဖော်ဆောင်ရန်အတွက် ကွင်းဆင်းလေ့လာဆန်းစစ်ခြင်း၊ လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းအဆင့်ဆင့်စသည်တို့ဖော်ပြပါရှိသည်။ လမ်းညွှန်အား လက်စွဲအနေဖြင့်အသုံးပြုမည့်သူများမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် သ/မဦးစီးဌာနအစရှိသည့် အစိုးရဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများဖြစ်သည်။

အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းတွင် လယ်ယာမြေများ မြေညှိပုံဖော်ခြင်းနှင့် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးကဏ္ဍဖြစ်ပေါ်လာရေးအတွက် အခြားသောနည်းပညာများပါဝင်သည်။ လယ်ယာမြေများမြေညှိပုံဖော်ခြင်းတွင် စက်မှုလယ်ယာစနစ်ကိုကောင်းမွန်လွယ်ကူစွာမိတ်ဆက်ပေးနိုင်သည်။ ပိုမိုကောင်းမွန်အောင်လုပ်သည်ဆိုရာတွင် ကုန်ထုတ်လမ်း၊ ရေသွင်း/ထုတ်မြောင်းများ ဖောက်လုပ်ခြင်းတို့အပါအဝင် လယ်ကွက်များပုံစံပြန်ပြင်ခြင်းနှင့် လယ်ယာမြေပြန်လည်နေရာချထားခြင်းတို့ပါဝင်သည်။

ထို့ကြောင့်အဆင့်မြင့်လယ်ယာစနစ်ဆိုသည်မှာ လယ်ကွက်များမြေညှိပုံဖော်ရုံသာမက စိုက်ပျိုးထုတ်လုပ်မှုအကျိုးအမြတ်တိုးတက်စေရန် အခြားသောဆက်စပ်လုပ်ငန်းအားလုံးပါဝင်နေသည်ကို တွေ့နိုင်ပေသည်။ မတူညီသောစီမံကိန်းများကို တစ်ထပ်တည်းဖြစ်စေရန်ပေါင်းစပ်မရနိုင်သော်လည်း စီမံကိန်းလိုအပ်ချက်များအား ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် အစိတ်အပိုင်းတစ်ခုချင်းစီအလိုက် လုပ်ဆောင်သင့်ပေသည်။

## (၁.၂) လမ်းညွှန်စာအုပ်၏ အခြေခံအကြောင်းအရာ

အဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စိုက်ပျိုးရေးထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ထုတ်လုပ်လာနိုင်စေရန်နှင့် ကျေးလက်ဒေသစိုက်ပျိုးရေးကဏ္ဍ၏ အခြေခံလိုအပ်ချက်များကို ဖောက်လုပ်ဖော်ဆောင်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် အဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ရာတွင် အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်သင့်သည်။

(က) စီမံကိန်းသည် မြေယာနှင့်လုပ်သားများအတွက် ထိရောက်သောအကျိုးကျေးဇူးပြုနိုင်မည့် လိုအပ်ချက်များအပေါ်တွင် အဓိကထားဖော်ဆောင်သင့်သည်။

(ခ) စီမံကိန်းသည် ကုန်ထုတ်လမ်း၊ ရေသွင်း/ထုတ်မြောင်းများနှင့် အခြားသောစိုက်ပျိုးရေးအခြေခံတည်ဆောက်မှုများကို အသစ်ဖောက်လုပ်ခြင်း(သို့)အဆင့်မြှင့်တင်ခြင်းအားဖြင့် ကျေးလက်ဒေသ၏ သင့်လျော်သောလူမှုစီးပွားရေးအခြေအနေတစ်ခုကို ဖန်တီးပေးနိုင်ရမည်။

အဆင့်မြင့်လယ်ယာစနစ်သည် အနာဂါတ်ကာလတွင်လိုအပ်လာမည့် စိုက်ပျိုးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ထိရောက်သောစက်မှုလယ်ယာစနစ်နှင့် စိုက်ပျိုးရေစနစ်တကျ စီမံခန့်ခွဲအသုံးချနိုင်ရေးတို့အတွက် လယ်ယာကွက်များပြန်လည်မြေညှိပုံဖော်ခြင်း၊ ကုန်ထုတ်လမ်း၊ ရေသွင်း/ထုတ်မြောင်း များဖောက်လုပ်ခြင်းနှင့် မြေဆီလွှာအရည်အသွေး အဆင့်မြှင့်တင်ခြင်းစသည်တို့ကိုလုပ်ဆောင်ခြင်းဖြစ်သည်။ ထိုနည်းတူစွာ အဆင့်မြင့်လယ်ယာစနစ်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာများနှင့် တောင်သူများစိတ်ပါဝင်စားမှုတို့ကိုပါ ထည့်သွင်းစဉ်းစားခြင်းဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်သည်။

အဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ခြင်းတွင် လယ်ယာမြေလုပ်ပိုင်ခွင့်များလွှဲပြောင်းပေးအပ်ခြင်းအပါအဝင် လယ်ယာမြေများအနေအထားပြောင်းလဲဖော်ဆောင်ခြင်းကို စနစ်တကျပြုလုပ်ရသည့်အားလျော်စွာ တစ်စုံတစ်ရာလွှဲမှားချွတ်ချော်ခြင်းမျိုးမှရှောင်လွှဲနိုင်ရန် ၄င်းအဆင့်ကို လယ်ကွက်များမြေညှိပုံဖော်ခြင်းနှင့်အတူလုပ်ဆောင်သင့်ပေသည်။ အဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ခြင်းကြောင့် ကုန်ကျသောစရိတ်ကိုကာမိစေရန် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်မှုကိုလည်း ကောင်းစွာပြင်ဆင်စီစဉ် ထားသင့်သည်။ ထိုသို့လုပ်ဆောင်ထားခြင်းဖြင့် အဆင့်မြင့်လယ်ယာစနစ်ဆိုသည်မှာ ရေတိုသာမက အနာဂါတ်ကာလအတွက်ရေရှည် အကျိုးစီးပွားကိုပါ ဖြစ်ထွန်းစေကြောင်းကိုလည်း သိသာထင်ရှားစေနိုင်သည်။

### (၁.၃) နစ်နာမှုဆိုင်ရာ ကိုင်တွယ်ရန်နည်းလမ်း(ဂါ)လမ်းစဉ်

အဆင့်မြင့်လယ်ယာစနစ်သည် အထက်ဖော်ပြပါကဲ့သို့ လယ်ယာကုန်ထုတ်လမ်းများ၊ ရေသွင်း/ထုတ်မြောင်းများ ဖောက်လုပ်ဖော်ဆောင်ပေးခြင်းဖြင့် စိုက်ပျိုးမြေများ မြေညှိဖော်ဆောင်ပြီး စိုက်ပျိုးထုတ်လုပ်မှုကိုတိုးတက်စေမည်ဖြစ်သော်လည်း ၄င်း အခြေခံလိုအပ်ချက်များ ဖောက်လုပ်ဖော်ဆောင်ရန်အတွက် အကျိုးခံစားခွင့်ရ တောင်သူများပိုင်ဆိုင်သော လက်ရှိမြေနေရာများထဲမှ လိုအပ်သလို ထည့်ဝင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ အကျိုးခံစားခွင့်ရ စီမံကိန်းဝင်တောင်သူများအနေဖြင့် ၄င်းတို့ပိုင်ဆိုင်သော လယ်မြေဧရိယာ၏တစ်စိတ်တစ်ပိုင်းကို နစ်နာကြေးတစ်စုံတစ်ရာမရရှိပဲ ထည့်ဝင်ရမှုအပေါ် အောက်ပါအချက်အလက်များဖြင့် သဘောတူညီမှုရယူနိုင်သည်။

(က) အဆင့်မြင့်လယ်ယာစနစ် အကောင်အထည်ဖော်အပြီး စီမံကိန်းဧရိယာအတွင်း ထုတ်ကုန်ပမာဏပိုမိုတိုးတက်လာမှုသည် တောင်သူများထည့်ဝင်ရမည့် မြေဧရိယာပမာဏတန်ဖိုးထက်ပိုမိုသည့်ဆိုခြင်းကို ခိုင်ခိုင်မာမာပြသနိုင်ရမည်။ ထို့ပြင် ၄င်းတို့ထည့်ဝင်ရမည့်မြေဧရိယာမှာ ၄င်းတို့စုစုပေါင်းပိုင်ဆိုင်သည့် မြေဧရိယာ၏ (၁၀)ရာခိုင်နှုန်းထက် မပိုသည့်အနေအထားဖြစ်ရမည်။

(ခ) လယ်ကွက်များမြေညှိ၊ ပုံဖော်ဖောက်လုပ်ခြင်းအပြီးတွင် တောင်သူများထံပြန်လည်အပ်နှံသည့်မြေဧရိယာသည် ၄င်းတို့ပိုင်ဆိုင်သည့် စုစုပေါင်းမြေဧရိယာ(ကုန်ထုတ်လမ်း၊ ရေသွင်း/ထုတ်မြောင်းများ ဖောက်လုပ်ရန်အတွက် ထည့်ဝင်ရန်သဘောတူထားသည့် ၁၀%မပါ) အတိုင်းအတိအကျဖြစ်ရမည်။

(ဂ) နစ်နာမှုဆိုင်ရာ ထောက်ပံ့ခြင်း(သို့) နစ်နာမှုကို ကာမိစေနိုင်မည့် စီမံကိန်းစည်းမျဉ်း/ကမ်းများ၊ အစီအစဉ်များအပေါ် အကျိုးခံစားခွင့်ရစီမံကိန်းဝင်တောင်သူများအချင်းချင်းအကြား ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများရှိစေရမည်ဖြစ်ပြီး ထိုအစီအစဉ်များအပေါ် သဘောတူညီမှုရှိစေရမည်။

(ဃ) အကျိုးခံစားခွင့်ရ စီမံကိန်းဝင်တောင်သူများသာမက အနီးနားပတ်ဝန်းကျင်ရှိတောင်သူများပါ တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီနှင့်အပြီးတွင် ၄င်းတို့၏နစ်နာမှု၊ ၄င်းတို့၏သဘောထားများအပေါ် ပွင့်လင်းမြင်သာစွာတင်ပြနိုင်ရန် အစီအစဉ်(ဂါ)စနစ်တခု ပြင်ဆင်ဆောင်ရွက်ထားရမည်။

ယခုလမ်းညွှန်အရ အထက်ဖော်ပြပါ (က မှ ဃ)အထိအချက်အလက်များကို ပြည့်မှီအောင်ဆောင်ရွက်ထားရမည် ဖြစ်သော်လည်း ထိုသို့မဟုတ်ပါက အခြားသော သင့်လျော်သည့်နည်းလမ်းများကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

(က) တောင်သူများမှ ကုန်ထုတ်လမ်း၊ ရေသွင်း/ထုတ်မြောင်းများဖောက်လုပ်ရန် ထည့်ဝင်ရမည့်မြေဧရိယာအတွက် အခြားသင့်လျော်သည့်နေရာတွင် မြေအစားပြန်ပေးရန်(သို့) ၄င်းမြေဧရိယာတန်ကြေးနှင့်ညီမျှသည့် လျော်ကြေးငွေပေးရန်စသည်တို့အတွက် စီစဉ်ထားရှိသင့်သည်။

(ခ) ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် ထည့်ဝင်ရမည့်မြေဧရိယာသာမက တောင်သူတစ်ဦးချင်းပိုင်ဆိုင်သော အခြားသောမြေဧရိယာအစိတ်အပိုင်းများ ဆုံးရှုံးမှုတစ်ခုခုဖြစ်ပေါ်ပါကလည်း ၄င်းမြေဧရိယာအတွက် အခြားသင့်လျော်သည့်နေရာတွင် မြေအစားပြန်ပေးရန်(သို့) ၄င်းမြေဧရိယာတန်ကြေးနှင့်ညီမျှသည့် လျော်ကြေးငွေပေးရန်စသည်တို့အတွက် စီစဉ်ထားရှိသင့်သည်။

(ဂ) စီမံကိန်းသက်ရောက်မှုအဖြစ် တောင်သူ၏ဝင်ငွေအခွင့်အလမ်းတစ်စုံတစ်ရာ ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်ပါကလည်း ၄င်းအခွင့်အလမ်း ဆုံးရှုံးမှုအတွက် နစ်နစ်ကြေးပေးရန်(သို့) ဆုံးရှုံးမှုကိုကာမိစေနိုင်မည့် ဝင်ငွေရအခွင့်အလမ်းဖန်တီးပေးရန်စသည်တို့အတွက် စီစဉ်ထားရှိသင့်သည်။

(ဃ) စီမံကိန်းဧရိယာအတွင်းတည်ရှိသော တောင်သူတစ်ဦးချင်းပိုင်ဆိုင်သည့် အဆောက်အဦးများ၊ သစ်ပင်များစသည်တို့ကို ဖယ်ရှားရန်လိုအပ်ပါက ၄င်းတို့အတွက်နစ်နာကြေးပေးရန်(သို့) ရွှေ့ပြောင်းခြင်း(သို့)ပြန်လည်ဆောက်လုပ်ခြင်းအတွက် ကုန်ကျစရိတ် ထောက်ပံ့ပေးရန်စသည်တို့အတွက် စီစဉ်ထားရှိသင့်သည်။ (သတိပြုရန်မှာ ၄င်းအဆောက်အဦး၊ သစ်ပင်စသည်တို့သည် စီမံကိန်း စတင်မည့်ရက်မတိုင်မီ ယခင်ကပင်စီမံကိန်းဧရိယာအတွင်း တည်ရှိနေခြင်းမျိုးသာဖြစ်ရမည်)

# အခန်း (၂) အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းများ၏ အကြောင်းရင်းခံ

## (၂.၁) နောက်ခံသမိုင်းကြောင်းအကျဉ်း

မြစ်ရေအလွယ်တကူရနိုင်သောနေရာများ၊ ရွှံ့အိုင်များနှင့် ရေကန်များစသော ရေရရှိနိုင်သောနေရာများတွင် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်း ပထမဦးစွာတိုးတက်လာခဲ့သည်။ နည်းပညာများဖွံ့ဖြိုးတိုးတက်လာသောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများတိုးတက်လာသည်နှင့်အမျှ တောင်တန်းဒေသများတွင် လှေကားထက်စိုက်ပျိုးခြင်းမှာလည်း လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကနဦးကာလဖွံ့ဖြိုးခဲ့စဉ်မှာပင် အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့သည်။ မညီညာသောပုံစံများနှင့်ပုံစံငယ်များရှိသော လယ်ယာမြေများကို အသေးစိတ်မြေပုံရေးဆွဲနေချိန်မှာပင် ကုန်းမြင့်ဒေသရေပေးဝေခြင်းသည်လည်း ပိုမိုကောင်းမွန်သောလယ်ယာမြေစိုက်ပျိုးအောင်မြင်ရန်အတွက် အထောက်အပံ့ဖြစ်ခဲ့သည်။

စိုက်ပျိုးရေးနည်းပညာများ တိုးတက်မှုများမရှိသေးချိန်တွင် လူသားများနှင့်တိရစ္ဆာန်များသည် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းတွင် အဓိကပါဝင်သူများဖြစ်ကြပြီး ၎င်းတို့လုပ်အားဖြင့်မညီညာသောလယ်ယာများနှင့် လယ်ကွက်ငယ်များ စိုက်ပျိုးခဲ့ကြသည်။ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာပြီးနောက်ပိုင်းတွင် စားသောက်ကုန်ထုတ်လုပ်ရန် လိုအပ်ချက်မြင့်မားလာခဲ့သည်နှင့်အမျှ စိုက်ပျိုးဆဲလယ်ယာမြေများအထွက်တိုးရန်အတွက်လည်း နည်းပညာသစ်များလိုအပ်လာခဲ့သည်။ ပထမဦးစွာ ရေသွင်း/ရေထုတ် မြောင်းများနှင့်ဆက်သွယ်နေသောမြောင်းခွဲငယ်များအား လယ်ယာမြေများအတွက် ကောင်းစွာအကျိုးသက်ရောက်မှုရှိစေပြီးနောက် စက်မှုလယ်ယာအနစ်အား အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြသည်။

အဆင့်ဖြင့်လယ်ယာမြေဖော်ဆောင်ရေးသည် စိုက်ပျိုးရေးကုန်ထုတ်စွမ်းအားမြင့်မားအောင် လုပ်ဆောင်ပေးခြင်း၊ စက်မှုလယ်ယာစိုက်ပျိုးရေးမိတ်ဆက်ခြင်းနှင့် စိုက်ပျိုးရေးလုံလောက်စွာရရှိရန်တို့အတွက် နည်းလမ်းသစ်တစ်ခုဖြစ်သည်။ အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ရေးတွင်မြေနေရာချဲ့ခြင်း၊ လယ်ယာမြေကွက်ငယ်များ ပြန်လည်နေရာချထားခြင်း၊ မြောင်းများဖြင့်ရေသွင်းခြင်း၊ ကုန်ထုတ်လမ်းမများတည်ဆောက်ခြင်း ကဲ့သို့သော လုပ်ငန်းအမျိုးမျိုးပါဝင်သည်။ ၎င်းအလုပ်များသည် ရလာဒ်များတိုးတက်လာခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များနှင့် ဆက်နွယ်သော လယ်ယာမြေအားလုံး အားဖော်ဆောင်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့အပြင် စီမံကိန်းဝင်လယ်သမားတစ်ဦးစီသည် သူတို့၏လယ်ယာမြေများအပေါ်တွင် အချင်းချင်း အပြန်အလှန်သဘောတူညီမှုများဖြင့် လယ်ယာမြေကွက် တစ်ခုချင်းစီအား ပေါင်းစည်းစေခြင်းနှင့် ထောင့်မှန်ကျ ပုံစံလယ်ကွက်များ ပြန်လည်ဖော်ဆောင်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။ လယ်ယာမြေများသည် လယ်သမားများ၏ ရပိုင်ခွင့်ဖြစ်သောကြောင့် လယ်ယာမြေများအား ပြောင်းလဲပြင်ဆင်ခြင်းနှင့် အစွန်းထွက်များအား နေရာတစ်ခုအဖြစ် ပြန်လည်နေရာချထားခြင်းသည် အလွန်အရေးပါသည်။ ထို့ကြောင့် ပြန်လည်နေရာချထားခြင်း အစီအစဉ်အား ဂရုတစိုက်စစ်ဆေးသင့်ပေသည်။ အဆင့်မြင့်လယ်ယာမြေ ဖောက်လုပ်ဖော်ဆောင်ရေးလုပ်ရေးလုပ်ငန်းများမပြုလုပ်မီ အကျိုးခံစားခွင့်ရှိသူ အားလုံး၏ဆန္ဒများ ပါဝင်သင့်သည်။

## (၂.၂) ဂျပန်နိုင်ငံမှအတွေ့အကြုံများ


၁၉ရာစုနောက်ပိုင်း အာရှိကာဂါစီရင်စုတွင် ရှေးယခင်က အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းများကို လေးထောင့်ပုံလယ်ယာမြေများသို့ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းဟူ၍ ခွဲခြားဖော်ဆောင်ခြင်းဖြင့် တူးမြောင်းစနစ်အား တိုးတက်စေခဲ့သည်။ ထိုအချိန်တွင် စက်မှုလယ်ယာစနစ် အားစောစီးစွာ စတင်မိတ်ဆက်ပေးနိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် လယ်ယာသုံးစက်ပစ္စည်း အမျိုးမျိုးဖွံ့ဖြိုးတိုးတက်လာခဲ့သည်အဓိကအားဖြင့် စပါးစိုက်ပျိုးခြင်း စက်မှုလယ်ယာနှင့်တကွ အဆင့်လယ်ယာ ဖော်ဆောင်ခြင်းများအား ဒေသအလိုက်သော်လည်းကောင်း နိုင်ငံအဂ္ဂမ်း၌သော်လည်းကောင်း အဆင့်မြင့်လယ်ယာစီမံကိန်း၏အောက်တွင် ကျယ်ကျယ်ပြန့်ပြန့် စတင်ခဲ့သည်။

၁၉၆၁ခုနှစ်တွင် စိုက်ပျိုးရေးအခြေခံဥပဒေအားစတင်ရေးဆွဲခဲ့ပြီး လယ်ယာမြေ ဟက်တာ၃ဝဝဝကျော်အတွက် နိုင်ငံတကာ အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းအား ၁၉၆၃ခုနှစ်တွင်ဖော်ဆောင်ခဲ့သည်။ ဒေသအလိုက် စီမံကိန်းလုပ်ဆောင်ချက်များကို(၃ဝဝဝ)ထက်မနည်း ပြင်ဆင်နိုင်ခဲ့သည်။ အဆင့်မြင့်လယ်ယာ ဖော်ဆောင်ရေးကြောင့် ၁၉ရာစုနောက်ပိုင်းတိရိစ္ဆာန်အကူအညီဖြင့်လယ်ထွန်ခြင်းနှင့် ရေသွင်းမြောင်း ရေထုတ်မြောင်းများ ပြုလုပ်၍ဆောင်ရွက်ခြင်းတို့ပါဝင်လာခဲ့သည်။ ထောင့်မှန်ပုံမြေကွက်များဖြင့် စက်မှုလယ်ယာစနစ်ကိုမူ ၁၉၆ဝခုနှစ်များတွင် ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည်။

စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးလာမှုများသည် ခိုင်းနွားများအသုံးပြုလာခြင်းမှ စက်မှုလယ်ယာစနစ် ပထမအဆင့်တွင် လက်တွန်းထွန်စက်များအား နေရာအနှံ့အပြားတွင်အစားထိုး အသုံးပြုခဲ့ကြသည်။ ဂျပန်နိုင်ငံတွင် ထည့်ထိုးခြင်းအတွက် လက်တွန်းထွန်စက်များကိုအသုံးပြုခဲ့ပြီးနောက် ရိတ်သိမ်းခြွေလှေ့စက်နှင့်ကောက်စိုက်စက်များကိုစတင်မိတ်ဆက် အသုံးပြုလာနိုင်ခဲ့သည်။ နိုင်ငံတဝန်းတွင် လယ်ယာဖော်ဆောင်ရာ၌ စက်မှုလယ်ယာစနစ်ကို အကျိုးရှိရှိ အသုံးချခဲ့သည်။

ယခုကဲ့သို့စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်မှုများသည် လယ်ယာထွက်ကုန်များ တိုးတက်စေသည်သာမက စက်မှုလုပ်ငန်းကဏ္ဍ နှစ်ခုသုံးခုအတွက်တိုးတက်စေပြီး စိုက်ပျိုးရေးကဏ္ဍမှ ရွှေပြောင်းအလုပ်သမားအင်အားများ တိုးတက်စေခဲ့ပါသည်။ ထို့အပြင် ၁၉၆၀ခုနှစ်နှင့် ၁၉၇၀ခုနှစ်များတွင် ဂျပန်နိုင်ငံ၏စီးပွားရေးကိုလည်း အမြင့်ဆုံးသို့ရောက်အောင်ကူညီပေးခဲ့သည်။ သို့သော်ရွှေ့ပြောင်းလုပ်သားများပြားလာခြင်းသည် စိုက်ပျိုးရေးအခန်းကဏ္ဍအတွက်မမျှော်လင့်သောရလဒ်များကို ဖြစ်ပေါ်လာစေခဲ့သည်။ ကျေးလက်ဒေသရှိလူငယ်မျိုးဆက်သစ်များသည် မြို့ပြစက်ရုံအလုပ်ရုံများနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လာကြပြီးနောက် တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေကဏ္ဍတွင်အောင်မြင်မှုများလျော့ကျလာခဲ့သည်။

၁၉၈၈ခုနှစ်တွင် အဆင့်မြင့်လယ်ယာဖော်ဆောင်ခြင်း ဦးတည်ချက်အသစ်ချမှတ်ခဲ့ပြီး(၀.၃)ဟက်တာရှိသော လယ်ကွက်ငယ်များအား (၁)ဟက်တာရှိသော လယ်ကွက်ငယ်များအဖြစ် ပြောင်းလဲပြင်ဆင်ခဲ့သည်။ လယ်ကွက်ကြီးများဖွံ့ဖြိုးရေးစီမံကိန်းတိုးတက်စေရန် ရေသွင်း၊ ရေထုတ်ခြင်းစနစ်များ နှင့် စနစ်တကျလယ်ယာစီမံခန့်ခွဲခြင်းတို့အား လုပ်ဆောင်ရန်လိုအပ်ပြီး ထိုကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်စေသကဲ့သို့ တစ်သီးစားမှသည် သုံးသီးစားအထိ တိုးတက်စိုက်ပျိုးလာနိုင်စေခဲ့သည်။ လယ်ယာစိုက်ပျိုးရေးကုမ္ပဏီများ ထူထောင်မှုတိုးတက်လာခဲ့သည်နှင့်အမျှ လယ်ယာစိုက်ပျိုးမှုအခြေအနေအား ပြန်လည်ဦးမော့လာစေခဲ့သည်။




ပုံ (၂.၂.၁) ၁၉၀၀-၁၉၃၉ ခုနှစ်များအတွင်း ဂျပန်နိုင်ငံတွင် အဆင့်မြင့်လယ်ယာဖော်ဆောင်မှု

Japanese Institute of Irrigation and Drainage (JIID)

ပုံ(၂.၂.၁)နှင့် ပုံ(၂.၂.၂)တို့သည် ဂျပန်နိုင်ငံ အဆင့်မြင့် လယ်ယာဖော်ဆောင်ရေး သမိုင်းဥပမာအချို့ဖြစ်ပြီးအစတွင် ခိုင်းနွားများ၊ မြင်းများဖြင့်ထယ်ထိုးခြင်းအား ပြသထားသောပုံများဖြစ်သည်။ ၎င်းကာလများအတွင်းတွင်လည်း ရေသွင်းမြောင်းနှင့်ရေထုတ်မြောင်းများကိုအဓိကဆောင်ရွက်ခဲ့ပြီး လယ်ယာစိုက်ပျိုးခြင်းနှင့်ထည့်ထိုးခြင်းစနစ်အတွက် ထောင့်မှန်ပုံမြေကွက်များကိုပြုလုပ်ခဲ့သည်။ စီမံကိန်းလုပ်ဆောင်ချက်များကို ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဆောလျင်စွာ ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပြီး ထိုနေရာများသည် ယခုအခါတွင် ဂျပန်နိုင်ငံ၏ ဆန်စပါးထွက်နှုန်းအကောင်းဆုံးနေရာများအဖြစ် လူသိများသောနေရာများဖြစ်သည်။



ပုံ ၂.၂.၂ ၁၉၀၀-၁၉၃၉ ခုနှစ်များအတွင်း ဂျပန်နိုင်ငံ၏ လယ်ယာလုပ်ငန်းခွင်

Japanese Institute of Irrigation and Drainage (JIID)


မကြာမီသေးမီနှစ်များအတွင်း ဂျပန်နိုင်ငံ၊ အိုင်ဘာရာကီစီရင်စု၊ နီမိုတိုဒေသတွင် အဆင့်မြင့်လယ်ယာဖော်ဆောင်နေပုံအား ပုံ(၂.၂.၃)တွင် ဖော်ပြထားသည်ကိုတွေ့ရပါမည်။ နီမိုတိုသည် ၁၉၅၆ခုနှစ်မှ ၁၉၅၉ခုနှစ်တွင် အဆင့်မြင့်လယ်ယာမြေဖော်ဆောင်မှုတစ်ကြိမ်ပြုလုပ်ခဲ့ပြီး မညီညာသောမြေကွက်များနှင့် တစ်နေရာစီဖြစ်နေသောမြေကွက်များကို (၀.၂)ဟက်တာစီပြန်လည်ပြင်ဆင်ပြီး ရေသွင်းခြင်းနှင့်ရေထုတ်ခြင်းစနစ်များကို တိုးမြှင့် လုပ်ဆောင်ခဲ့သည်။ ဆယ်စုနှစ်လေးစုပြီးနောက် စိုက်ပျိုးရေးကဏ္ဍတွင် လယ်သမားပြဿနာများ၊ ရေထုတ်မြောင်းယိုယွင်း ပျက်စီးမှုများနှင့် မြေကွက်ငယ်များအတွက် ကုန်ကျစရိတ်များ

ပြားခြင်းများစသော ပြဿနာများနှင့်တွေ့ကြုံခဲ့ရသည်။

နောက်ဆုံးပြုလုပ်ခဲ့သော လယ်ယာမြေဖော်ဆောင်ရေးစီမံကိန်းတွင် ရေဆိုးထုတ်ခြင်း အခြေအနေများ တိုးတက်လာခဲ့ပြီး လယ်ယာမြေကွက်အရွယ်အစားများသည်လည်းပျမ်းမျှအားဖြင့် ၁ဟက်တာအထိတိုးတက်ကြီးမားလာခဲ့သည်။ စီမံကိန်းဝင်လယ်သမားများသည်လယ်ယာစိုက်ပျိုးရာတွင် အသက်ကြီးသောလယ်သမားမများထံမှ လယ်များငှားရမ်း၍ စီမံကိန်းဧရိယာတဝက်ကျော်(၁၁၁ ဟက်တာ)အားပူးပေါင်းဆောင်ရွက်ခဲ့သည်။ တောင်သူလယ်သမားများသည် အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းကြောင့်ရရှိလာသောရလဒ်များအတွက်ပျော်ရွှင်နေခဲ့ကြသည်။ လယ်သမားများသည် ဥပမာအားဖြင့် လယ်ယာစိုက်ပျိုးခြင်းအား ယခင်ပေးထားသောအချိန်ထက် တဝက်လျော့ခြင်းနှင့် တစ်ကေကုန်ကျစရိတ်များအား၂၀%လျော့ချလာနိုင်ခဲ့သည်။ (ပုံ-၂.၂.၄တွင်ကြည့်ပါ) တိုးတက်လာသော လယ်ယာစိုက်ပျိုးမှုအခြေအနေသည် သီးနှံများကိုပါပြောင်းလဲစိုက်ပျိုးလာခဲ့သည်။ ယခင်က စပါးတစ်မျိုးတည်းစိုက်ပျိုးရာမှ ယခုအခါ စပါးအပြင် ပဲပိစပ်နှင့်မုယောစပါးများကိုပါ စိုက်ပျိုးလာခဲ့သည်။



ပုံ(၂.၂.၃)(၀.၂)ဟက်တာမှ (၁)ဟက်တာထက်အကျယ်လယ်ကွက်များဖော်ဆောင်ခြင်း
နီမိုတိုဒေသအဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်း၊ အီဘာရာကီ၊ ဂျပန်




ပုံ(၂.၂.၄) စိုက်ပျိုးချိန်နှင့်ကုန်ကျစရိတ်များလျော့ချနိုင်ခြင်း
နီမိုတိုဒေသအဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်း၊ အီဘာရာကီ၊ ဂျပန်

**(၂.၃) တရားဝင်စည်းမျဉ်းများ**

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းများကို ဂျပန်နိုင်ငံတွင် ၁၉ရာစုနောက်ပိုင်းမှစတင်ပြုလုပ်ခဲ့ပြီး အချို့သောအခြေခံဥပဒေများသည် သူတို့အားထောက်ပံ့ပေးခဲ့သည်။ အဆိုပါ အခြေခံဥပဒေများ မှ မှန်ကန်သောရွေးချယ်မှုများကို ပြုလုပ်နိုင်ပါသည်။ ထိုအခြေခံဥပဒေများ မှ အောက်တွင်ဖော်ပြထားသော စည်းမျဉ်းများ သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများသာမက အနာဂတ်တွင်လည်း အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းများကိုပါ အကျိုးသက်ရောက်နိုင်ပါသည်။

- မြေပိုင်ရှင်များအကျိုးခံစားခွင့်ရှိခြင်း
- မြေများဝယ်ယူနိုင်ခြင်း၊ ရောင်းချနိုင်ခြင်း
- ဆည်မြောင်းရေအသုံးပြုသူများအဖွဲ့ထားရှိခြင်း

- စည်းမျဉ်းဥပဒေများအား ပူးပေါင်းလုပ်ဆောင်ခြင်း

**(၂.၃.၁) တရားဝင်လိုအပ်ချက်စည်းမျဉ်း**

**(က) မြေပိုင်ဆိုင်သူ (သို့မဟုတ်) လယ်ယာမြေအသုံးပြုသူများဆိုင်ရာ အခွင့်အရေး**

မြေပိုင်ရှင်များသည် တရားဝင်မြေပိုင်ဆိုင်ခွင့်စည်းမျဉ်းများအား လေးလေးနက်နက်လိုက်နာရမည်။ အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ရာ၌ ထောင့်မှန်ပုံမြေများပြုလုပ်နေချိန်တွင် မြေနေရာများအား ပြန်လည်ထယ်ထိုးရသည်။ မြေပိုင်ရှင် သဘောတူညီမှုမရှိပါက ထိုလယ်သမားများ၏ မြေနေရာအား ပြန်လည်ဖော်ဆောင်ခွင့်မရှိပေ။ မြန်မာနိုင်ငံရှိ အစိုးရနှင့် တခြားလယ်သမားများသည် လွန်ခဲ့သောနှစ်တစ်ရာကျော်က မှတ်တမ်းတင်ခဲ့သော မြေပိုင်ဆိုင်ခွင့်စာချုပ်များ ပိုင်ဆိုင်ထားရှိကြသည်။ဂျပန်နိုင်ငံတွင် မြေပိုင်ရှင်ဥပဒေကို ၁၈၇၃မှ ၁၈၇၉ထိ ထုတ်ထောင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများ လယ်ယာမြေများကိုလုံခြုံစိတ်ချစွာအသုံးချနိုင်စေရန် ၂၀၁၂ခုနှစ် မတ်လ(၃၀)ရက်နေ့တွင် လယ်ယာမြေဥပဒေအသစ်ရေးဆွဲခဲ့သည်။ အခန်းသုံး "လယ်ယာမြေအမှန်တကယ်ပိုင်ဆိုင်သောသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရှိရမည်" ဟူသောဥပဒေအရ လယ်ယာမြေအမှန်တကယ်ပိုင်ဆိုင်သာသူသည် အောက်ပါအခွင့်အရေးများ ပိုင်ဆိုင်ခွင့်ရှိသည်။ (၁)ပိုင်ဆိုင်ခွင့်ရှိခြင်း၊ လယ်ယာမြေအသုံးချပိုင်ခွင့်ရှိခြင်း၊ ၎င်းကောင်းလယ်မြေမှအကျိုးအမြတ်များအား ခံစားပိုင်ခွင့် (၂)ရောင်းချပိုင်ခွင့်၊ ပေါင်နှံခွင့်၊ လွှဲပြောင်းပိုင်ခွင့်နှင့်လယ်ယာမြေတစ်ခုလုံးကိုဖြစ်စေ အစိတ်ပိုင်းလိုက်ဖြစ်စေ ရေးဆွဲထားသော စည်းမျည်းစည်းကမ်းအရ အသုံးချပိုင်ခွင့်ရှိသည် စသည်တို့ဖြစ်သည်။

**(ခ) ဝယ်ယူရောင်းဝယ်နိုင်သည့်အခွင့်အရေး**

အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးသည် တစ်ခါတစ်ရံတွင် မြေနေရာများစနစ်တကျစီစဉ်နိုင်ရန် ရောင်းဝယ်မှုဖြစ်စဉ်များ လိုအပ်ပေသည်။ မကြာသေးမီကပင်ပြုလုပ်ခဲ့သော လယ်ယာဖော်ဆောင်ရေးစီမံကိန်းသည် ဂျပန်နိုင်ငံတွင် (၁)ဟက်တာ လယ်ကွက်များပြုလုပ်ရန်နှင့် မြန်မာနိုင်ငံတွင်(၁ဧက=၀.၄ဟက်တာ)ကွက်များပြုလုပ်ရန် ရည်ရွယ်ပါသည်။ ၎င်းလယ်များအား လယ်သမားများ တစ်ဦးနှင့်တစ်ဦးဆွေးနွေးတိုင်ပင်၍ ရောင်းဝယ်ခြင်းများပြုလုပ်ခဲ့သည်။ ရောင်းချနိုင်သော အခွင့်အရေးမရှိပါက ၎င်းနေရာအား ရှေ့ဆက်ပြုလုပ်ရန်ခက်ခဲနိုင်ပေသည်။ မြန်မာနိုင်ငံတွင် မြေပိုင်ဆိုင်ခွင့်စာချုပ်များအား လယ်သမားများထံသို့ နေပြည်တော်မှစတင်၍ ဖြန့်ဝေနိုင်ပြီး လာမည့်အနာဂတ်တွင် အခြားနေရာဒေသများအား ဖြန့်ဝေနိုင်တော့မည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် မြေပိုင်ရှင်ဥပဒေထုတ်ထောင်ချိန် ၁၈၇၃မှ ၁၈၇၉ခုနှစ် ကာလအတွင်း မြေရောင်းဝယ်နိုင်သော အခွင့်အရေးအား တရားဝင်ပြုလုပ်ခဲ့သည်။

**(ဂ) ဆည်မြောင်းရေအသုံးပြုသူများအဖွဲ့**

အဆင့်မြင့်လယ်ယာဖော်ဆောင်ရာတွင် လယ်ယာမြေများတွင် ရေသွင်းစိုက်ပျိုးခြင်းကြောင့် စီမံကိန်းဧရိယာအတွင်း ဆည်မြောင်းရေ အသုံးပြုမှုလိုအပ်သည်။ ဆည်မြောင်းရေအသုံးပြုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် တူးမြောင်းအားရှင်းလင်းခြင်း ပြန်လည်ပြုပြင်ခြင်းများလိုအပ်သည်။ ထို့ကြောင့် ဆည်မြောင်းရေအသုံးပြုသူများအဖွဲ့မှ တာဝန်ယူ၍ စစ်ဆေးမှုများပြုလုပ်သင့်သည်။ ထိုမှတပါး ချမှတ်ထားသော ဥပဒေအရ အဖွဲ့အစည်းသည် ကုန်ထုတ်လမ်းများ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းများ အားစီမံခန့်ခွဲနိုင်သည်။ ဂျပန်နိုင်ငံတွင် ဆည်မြောင်းရေအသုံးပြုသူများ အဖွဲ့စည်းမျဉ်းအား(၁၉၀၈)ခုနှစ်တွင် ထုတ်ထောင်ခဲ့ပြီး မကြာမီကပင် မြေပိုင်ဆိုင်ခွင့်ဥပဒေအားထုတ်ထောင်ခဲ့သည်။

**(ဃ) သမဂါယမလုပ်ငန်းများဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ**

ရေအသုံးချရေးအဖွဲ့အတွက်လိုအပ်ချက်များအား အထက်တွင်ဖော်ပြပြီးဖြစ်ကာ ၎င်းလိုအပ်ချက်များမှာတရားဝင်ပြဌာန်းထားမှုသာလျှင် ပိုမိုထိရောက်မည်ဖြစ်သည်။ အဆင့်အတန်းမီ၊ စံချိန်မီ အရည်အသွေးပြည့်ဝသည့် အခြေအနေတစ်ခုရရှိရန် အချိန်ကာလအတိုင်းအတာတစ်ခုအထိယူရန်လိုအပ်သေးသော်လည်း ယခုအခါ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများပေါ်ပေါက်လာရန် ကြိုးစားလုပ်ဆောင်နေပြီဖြစ်သည်။ မည်သို့ပင်ဆိုစေ ရှေ့ပြေးနမူနာတစ်ရပ်အနေဖြင့် JICA အကူအညီဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အကောင်အထည်ဖော်သော အဆင့်မြင့်လယ်ယာဖော်ဆောင်ရေး ရှေ့ပြေးနမူနာစီမံကိန်း၏ တောင်သူများအနေဖြင့် ၎င်းအခွင့်အရေးကို စတင်ထိတွေ့ခွင့်ရခဲ့ပြီး သမဂါယမအဖွဲ့အစည်းတစ်ရပ်အနေဖြင့်လည်းကောင်း၊ ရေအသုံးချသူများအဖွဲ့အဖြစ်လည်းကောင်း လုပ်ငန်းဆောင်ရွက်နိုင်မည့် တောင်သူအဖွဲ့အစည်းတစ်ရပ်ကို

လည်းဖွဲ့စည်းနိုင်ခဲ့သည်။ ဂျပန်နိုင်ငံတွင်မူ ရေအသုံးချသူများအဖွဲ့သည် သမဂါယမအဖွဲ့တစ်ခုကဲ့သို့ဖွဲ့စည်းပြီး ရှေ့တွင်ဖော်ပြခဲ့သော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ကြသည်။

**(၂.၃.၂ ) အနာဂါတ်ဦးတည်ချက်များနှင့် အနာဂါတ်အလားအလာကောင်းများ**

ဂျပန်နိုင်ငံ၏ အဆင့်မြင့်လယ်ယာဖော်ဆောင်ခြင်းအတွေ့အကြုံများအပေါ်အခြေခံ၍ အောက်ပါဇယားတွင် မြန်မာအစိုးရ၏ဦးတည်ချက်၊ အနာဂါတ်အလားအလာများနှင့် ကိုက်ညီလျက်ရှိသည့် အကောင်အထည်ဖော်ရမည့် တရားဝင်မူဘောင်များကို ဖော်ပြထားသည်။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည်လည်း လိုအပ်သောတရားဝင်မူဘောင်များ အများအပြားကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မြေယာဥပဒေတွင် မြေယာအသုံးချပိုင်ခွင့်ကို မြေယာပိုင်ဆိုင်ခွင့်ဟုဖော်ပြထားပြီး မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဧကများနှင့်တကွ ပိုင်ဆိုင်အသီးသီးအပေါ် အတည်ပြုခြင်းအားဖြင့်ဆောင်ရွက်လျက်ရှိသည်။

<u>ဇယား(၂.၃.၁) အကောင်အထည်ဖော်ရမည့် တရားဝင်မူဘောင်၊ လက်ရှိဦးတည်ချက်/အနာဂါတ်အလားအလာ</u>


| စဉ် | အကောင်အထည်ဖော်ရမည့် တရားဝင်မူဘောင် | မြန်မာနိုင်ငံ၏ လက်ရှိဦးတည်ချက်နှင့်အနာဂါတ်အလားအလာ |
|---|---|---|
| ၁ | အကျိုးခံစားခွင့်ရတောင်သူများ၏ မြေယာပိုင်ဆိုင်မှုများ မှတ်တမ်းတင်ခြင်း | ✓ လယ်ဆည်ဂန်ကြီးဌာနလက်အောက်ရှိ မြေစာရင်းဦးစီးဌာနသည် မြေယာအသုံးချပိုင်ခွင့်များ ပြင်ဆင်ခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။<br>✓ ၎င်းသည် လက်ရှိမြေယာပိုင်ဆိုင်မှုနှင့် အသုံးချပိုင်ခွင့်ကို ပေးအပ်ခြင်းဖြစ်သည်။<br>✓ နှစ်အလိုက်အပြောင်းအလဲများကို ခန့်မှန်းခြေလွန်ခဲ့သော နှစ်ပါင်း(၃၀)ခန့်ကပင် စစ်ဆေးပြင်ဆင်မှုမရှိခဲ့သောကြောင့် လက်ရှိမြေယာပိုင်ဆိုင်မှုအား စစ်ဆေးအတည်ပြုခြင်းမှာ အလွန်ခက်ခဲသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။<br>✓ ထိုသို့လုပ်ငန်းဆောင်ရွက်ချက်များကို တစ်နိုင်ငံလုံးတိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ |
| ၂ | အကျိုးခံစားခွင့်ရသူများမှ မြေယာများ ရောင်းချခြင်း၊ ဝယ်ယူခြင်း | ✓ လယ်ဆည်ဂန်ကြီးဌာနလက်အောက်ရှိ မြေစာရင်းဦးစီးဌာနသည် မြေပိုင်ရှင်တောင်သူများအနေဖြင့် ၎င်းတို့ပိုင်မြေကို အရောင်းအဝယ်ပြုလုပ်နိုင်သည့် ဖော်ပြချက်ပါရှိသော မြေယာအသုံးချပိုင်ခွင့်များ ပြင်ဆင်ခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။<br>✓ ၎င်းသည် မြေယာအသုံးချပိုင်ခွင့်အရ အရောင်းအဝယ်ပြုလုပ်ခွင့်ကို ပေးအပ်ခြင်းဖြစ်သည်။<br>✓ နှစ်အလိုက်အပြောင်းအလဲများကို ခန့်မှန်းခြေလွန်ခဲ့သော နှစ်ပါင်း(၃၀)ခန့်ကပင် စစ်ဆေးပြင်ဆင်မှုမရှိခဲ့သောကြောင့် လက်ရှိမြေယာပိုင်ဆိုင်မှုအား စစ်ဆေးအတည်ပြုခြင်းမှာ အလွန်ခက်ခဲသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။<br>✓ ထိုသို့လုပ်ငန်းဆောင်ရွက်ချက်များကို တစ်နိုင်ငံလုံးတိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ |
| ၃ | စိုက်ပျိုးရေသုံးစွဲသူများ အဖွဲ့အစည်း ဖွဲ့စည်းခြင်း | ✓ စီမံကိန်း၏ စိုက်ပျိုးရေသုံးစွဲသူများအဖွဲ့သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရေသုံးစွဲသူများအဖွဲ့အဖြစ် ဖွဲ့စည်းခြင်းဖြစ်သည်<br>✓ ဆည်မြောင်းဦးစီးဌာနသည် ရေသွင်းရေထုတ်မြောင်းများ ပြန်လည်ပြုပြင်ရန် တောင်သူအဖွဲ့အစည်းမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် တိုက်ရိုက်လုပ်ဆောင်နိုင်စေရန် တောင်းဆိုမည်ဖြစ်သည်။ |
| ၄ | သမဂါယမလုပ်ငန်းများအတွက် စည်းမျဉ်းစည်းကမ်းများ | ✓ သမဦးစီးဌာနအနေဖြင့် သမအဖွဲ့အစည်းအသစ်များ နိုင်ငံနှင့်အဝှမ်း တိုးချဲ့ဖွဲ့စည်းသွားရန်လျာထားလျက်ရှိ<br>✓ စိုက်ပျိုးရေစီမံခန့်ခွဲမှုလုပ်ငန်းမှာ သမဦးစီးဌာန၏မိခင်လုပ်ငန်းမဟုတ်ပေ<br>✓ ဆည်မြောင်းဦးစီးဌာနမှ အကျိုးခံစားခွင့်ရတောင်သူများထံမှ စိုက်ပျိုးရေသုံးစွဲခကောက်ခံရန် စိုက်ပျိုးရေသုံးစွဲမှုအဖွဲ့ဖွဲ့စည်း |

JICA စီမံကိန်းအဖွဲ့၏ ဂျပန်နိုင်ငံတွင်းအတွေ့အကြုံများမှ ကောက်နုတ်ချက်

# အခန်း (၃) အဆင့်မြင့်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ခြင်း

## ၃.၁ အကောင်အထည်ဖော်ရန် ကနဦးအစီအစဉ်

မြန်မာနိုင်ငံတွင် အဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဌာန၊ စိုက်ပျိုးရေးဦးစီးဌာနစသောဌာနများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သမဝါယဦးစီးဌာန၊ စီမံကိန်းဝင်တောင်သူအဖွဲ့အစည်း ပေါ်ပေါက်လာစေရေးကြိုးပမ်းရန် နှင့်လုပ်ငန်းစီမံခန့်ခွဲရန်စီမံကိန်းဝင်တောင်သူများဖြင့်ဖွဲ့စည်းထားသောလုပ်ငန်းစီမံခန့်ခွဲရေးကော်မတီတို့အပြင်တောင်သူအဖွဲ့ အစည်းအားတရားဝင်မှတ်ပုံတင်ပေးနိုင်သောအစိုးရဌာနတစ်ရပ်ရပ်နှင့်တောင်သူလယ်သမားများလယ်ယာ စိုက်ပျိုးလုပ်ကိုင်ခွင့် ထုတ်ပေးနိုင်သည့်အစိုးရဌာနတစ်ရပ်ရပ်အစရှိသည့်ကဏ္ဍစုံမှအဖွဲ့အစည်းများပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ စီမံကိန်းဝင်တောင်သူအဖွဲ့အစည်းကိုဗဟိုပြု၍တောင်သူအဖွဲ့အစည်းနှင့်သက်ဆိုင်ရာအစိုးရဌာနအသီးသီးတို့အကြားအဓိကလုပ်ငန်းများယှက်နွယ်ဆောင်ရွက်ပုံကို အောက်ပါပုံ(၃.၁.၁)တွင်ဖော်ပြထားသည်။




**ပုံ(၃.၁.၁)အဆင့်မြင့်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ခြင်းနည်းလမ်းပြပုံ**

သတင်းရင်းမြစ်-JICA စီမံကိန်းအဖွဲ့ (၂၀၁၄)

**(၁)ဆည်မြောင်းဦးစီးဌာန။**

စက်မှုလယ်ယာနှင့်အတူအဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ခြင်းစီမံကိန်းအစီအစဉ်ရေးဆွဲခြင်းဒီဇိုင်းရေးဆွဲခြင်းအတူကုန်ထုတ်လမ်းများ ရေသွင်းမြောင်း ရေဆိုးထုတ်မြောင်းများဖောက်လုပ်ဖော်ဆောင်ခြင်း။

**(၂)စက်မှုလယ်ယာဦးစီးဌာန။** ။ဆည်မြောင်းဦးစီးဌာနနှင့်အတူအဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ခြင်းစီမံကိန်း အစီအစဉ်ရေးဆွဲခြင်းဒီဇိုင်းရေးဆွဲခြင်းလယ်ယာသုံးစက်ပစ္စည်းများဖြင့်မြေညှိခြင်း၊ သတ်မှတ်စံနှုန်းအရ တစ်ကေမြေကွက်များ ဖော်ဆောင်ခြင်း၊ သီးနှံပြန်လည်စိုက်ပျိုးနိုင်ရန် ပထမအကြိမ် ထယ်ထိုး၊ ထွန်မွှေပေးခြင်း။

**(၃)ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန။** ။လယ်ယာမြေပြန်လည်နေရာချထားခြင်းအစီအစဉ်ရေးဆွဲရာတွင်လုပ်ငန်းစီမံ ခန့်ခွဲရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်လယ်ယာများ ဖောက်လုပ်ဖော်ဆောင်ခြင်းမလုပ်မီနှင့် လုပ်အပြီး လိုအပ်သောမြေဧရိယာတိုင်းတာမှုများပြုလုပ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပြင်ဆင်ထုတ်ပေးခြင်း။

**(၄)စိုက်ပျိုးရေးဦးစီးဌာန။** ။အစိုးရဌာနများနှင့်စီမံကိန်းဝင်တောင်သူများအကြားလိုအပ်သလိုချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင် ရွက်ပေးခြင်း။

**(၅)သမဝါယမဦးစီးဌာန။** ။လယ်သမားအဖွဲ့အစည်းထူထောင်ခြင်းတွင်လယ်သမားများကူညီပေးခြင်း၊ တရားဝင် အသိအမှတ်ပြု လက်မှတ်ရရှိရန် ကူညီဆောင်ရွက်ပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း။

**(၆)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။** ။သက်ဆိုင်ရာအစိုးရဌာနအသီးသီးနှင့် တောင်သူအဖွဲ့အစည်း၏ လုပ်ငန်းစီမံခန့်ခွဲရေးကော်မတီတို့မှ ဖြေရှင်းရန်ခက်ခဲ သည့်အခက်အခဲများတွင် ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

**(၇)လုပ်ငန်းစီမံခန့်ခွဲရေးကော်မတီ။** ။တောင်သူအဖွဲ့အစည်းလက်အောက်တွင်ပေါ် ပေါက်လာသောစီမံကိန်းအောင် မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အဓိကတာဝန်ရှိအဖွဲ့အစည်းဖြစ်ပြီး အထက်ဖော်ပြပါ နံပါတ်(၁ မှ ၄ ထိ) အစိုးရဌာနများနှင့် သက်ဆိုင်ရာကိစ္စရပ်များအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း။

အဆင့်မြင့်လယ်ယာစနစ်ဖော်ဆောင်ပြီးနောက်ပိုင်းကုန်ထုတ်လမ်းများ၊ရေသွင်း/ထုတ်မြောင်းများအပေါ် နေ့စဉ်စီမံခန့်ခွဲခြင်းနှင့်ထိန်းသိမ်းခြင်း၊နေ့စဉ်တာဝန်များအားလယ်သမားအဖွဲ့မှပြုလုပ်ဆောင်ရွက်ခြင်း။ထပ်မံ၍ စီမံကိန်းဝင် တောင်သူအဖွဲ့ အစည်းအတွင်းအဖွဲ့လိုက်ဖြစ်စေ နစ်နာစေခြင်းများ၊ တိုင်ကြားခြင်းများ ရှိပါက စီမံခန့်ခွဲမှု အမှုဆောင်အဖွဲ့မှ လယ်သမားများအတွက် တာဝန်ယူဖြေရှင်းးပေရမည်။ အကယ်၍ လုပ်ငန်းစီမံခန့်ခွဲမှုကော်မတီ အနေဖြင့် ဖြေရှင်းရန်မတတ်နိုင်ပါက သက်ဆိုင်ရာအစိုးရဌာနအားဖြေရှင်းပေးရန်တောင်းဆိုရမည်။

## ၃.၂ လုပ်ငန်းအကောင်အထည်ဖော်ခြင်းအဆင့်များ

လယ်ယာမြေဖော်ဆောင်ရေးအစီအစဉ်အားအောက်ပါဇယားတွင်ဖော်ပြထားသည့်အတိုင်း(၁) စီမံကိန်းဝင်တောင်သူအဖွဲ့ အစည်းဖွဲ့တစည်းခြင်းနှင့်(၂)လယ်ယာမြေပြန်လည် နေရာချထားခြင်းအစီအစဉ်ပါဝင်သော စီမံကိန်းအစီအစဉ်ရေးဆွဲခြင်း ဟူ၍ အဆင့်နှစ်ဆင့်ခွဲခြားဆောင်ရွက်နိုင်သည်။အဆင့်မြင့်လယ်ယာမြေကွက်များဖောက်လုပ်ဖော်ဆောင်ခြင်းလုပ်ငန်းများမစတင်မီ စီမံကိန်းဝင် တောင်သူများ၏သဘောဆန္ဒများအားဖော်ထုတ်တင်ပြနိုင်ရေးနှင့်စီမံကိန်းအပေါ် သဘောတူညီမှုများရရှိနိုင်စေရေးတို့အတွက်စီမံကိန်းဝင်တောင်သူများအချင်းချင်းအကြားညှိနှိုင်းဆောင်ရွက်ရန်ဘက်လိုက်မှုမရှိသောတောင်သူအဖွဲ့အစည်းလက် အောက်ရှိလုပ်ငန်းစီမံခန့်ခွဲ ရေးကော်မတီတစ်ရပ်ကို ကြိုတင်အချိန်ယူ၍ ဖွဲ့စည်းထားသင့်ပေသည်။

ပုံ (၃.၂.၁) လအလိုက်လုပ်ငန်းအကောင်အထည်ဖော်ခြင်းပြဇယား


| အကြောင်းအရာဖော်ပြချက်နှင့် လုပ်ငန်းစဉ်များ | ပ | ဒု | တ | စ | ပ | ဆ | သ | န | ဒ | ဒွိ | ဇ |
|---|---|---|---|---|---|---|---|---|---|---|---|
| တောင်သူအဖွဲ့အစည်း ဖွဲ့စည်းခြင်း | ▪▪▪ | ▪▪▪ | ▪▪▪ | ▪▪▪ | ▪▪▪ | ▪▪▪ | ▪▪▪ | ▪▪▪ | | | |
| စီမံကိန်းဧရိယာပါ လယ်မြေဧကနှင့် တောင်သူများ စာရင်းပြုစုခြင်း | | ■ | ■ | | | | | | | | |
| စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း | | | ■ | | | | | | | | |
| တောင်သူအားလုံးပါဝင်သော ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ခြင်း | | | ■ | ■ | | | | | | | |
| လုပ်ငန်းစီမံခန့်ခွဲရေး ကော်မတီဝင်များ ရွေးချယ်ခြင်း | | | | ■ | ■ | | | | အဆင့်မြင့်လယ်ယာများ ဖောက်လုပ်ခြင်း ⇨ | | |
| တောင်သူအဖွဲ့အစည်း၏ စည်းမျဉ်း/ကမ်းများ အကြမ်းဖျဉ်း ရေးဆွဲခြင်း | | | | | ■ | ■ | | | | | |
| ကော်မတီ၏ စည်းမျဉ်း/ကမ်းများအား ထုတ်ပြန်ကြေငြာခြင်းနှင့် စီမံကိန်းဝင် တောင်သူများထံမှ သဘောတူညီချက်ရယူခြင်း | | | | | | ■ | ■ | | | | |
| သမဂါယမဦးစီးဌာနသို့ တရားဝင်အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားခြင်း | | | | | | | | ■ | | | |
| တရားဝင်အသိအမှတ်ပြုလက်မှတ် လျှောက်ထားပြီးနောက် ထပ်မံပြင်ဆင်ရမည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း | | | | | | | | | ▪▪▪ | ▪▪▪ | ▪▪▪ |
| တောင်သူအဖွဲ့အစည်း တရားဝင်မှတ်ပုံတင်ပြီးစီးခြင်း | | | | | | | | | | | △ |
| စီမံကိန်းအစီအစဉ်အကြမ်းရေးဆွဲခြင်း | ■ | ■ | | | | | | | | | |
| စီမံကိန်းဧရိယာပါ လယ်မြေဧကနှင့် တောင်သူများ စာရင်းအား အတည်ပြုခြင်း | | ■ | ■ | ■ | | | | | | | |
| စီမံကိန်းတွင်တောင်သူတစ်ဦးချင်း တစ်ဧကအလိုက် ထည့်ဝင်ရမည့် မြေဧရိယာတွက်ချက်ခြင်းနှင့် သဘောတူညီချက်ရယူခြင်း | | | | | ■ | ■ | | | အဆင့်မြင့်လယ်ယာများ ဖောက်လုပ်ခြင်း ⇨ | | |
| လယ်ယာမြေပြန်လည်နေရာချထားရေး အစီအစဉ်ရေးဆွဲပြင်ဆင်ခြင်း | | | | | ■ | ■ | | | | | |
| လယ်ယာမြေပြန်လည်နေရာချထားရေး အစီအစဉ်အပေါ် သဘောတူညီချက်ရယူခြင်း | | | | | | ■ | ■ | ■ | | | |
| လုပ်ငန်းကဏ္ဍရပ်အားလုံးအား အပြီးသတ်လုပ်ဆောင်ခြင်း | | | | | | | ■ | ■ | | | |

| အကြောင်းအရာဖော်ပြချက်နှင့် လုပ်ငန်းစဉ်များ | ပ | ဒု | တ | စ | ပ | ဆ | သ | န | ဒ | ဒွါ | ဧ |
|---|---|---|---|---|---|---|---|---|---|---|---|
| မြေစာရင်းဌာနနှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်အသစ်များပြင်ဆင်ထုတ်ပေးခြင်း | | | | | | | | | ■ ■ ■ | ■ ■ ■ | ■ ■ ■ |

သတင်းရင်းမြစ်- JICA စီမံကိန်းအဖွဲ့၏ (၂၀၁၃-၂၀၁၄)ခုနစ် လုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံ၍ တင်ပြထားခြင်းဖြစ်သည်

၂၀၁၃-၂၀၁၄ခုနစ် တွင် JICA မှ ငွေကြေးထောက်ပံ့၍ ရွှေပြေးစီမံကိန်း၏ ဥပမာအားဖြင့် စီမံကိန်းပုံစံများ၊ ကုန်ထုတ်လမ်းနှင့် တူးမြောင်းများ တည်ဆောက်ရန်အတွက် လယ်ယာမြေဆုံးရှုံးခြင်းတွင် သဘောတူညီမှုနှင့် ခန့်မှန်းတွက်ချက်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ သဘောတူညီမှုကာလစသော ပြုလုပ်နေစဉ်အတွင်း လယ်သမားအဖွဲ့ဖွဲ့ရန် ခန့်မှန်းခြေကိုးလ သတ်မှတ်သင့်သည်။ စီမံကိန်းဝင်လယ်သမားများသည် ထွန်ယက်ချိန်တွင် မည်သည့်ဆောက်လုပ်ခြင်း ကိုမှမပြုလုပ်ရန် ပြန်လည်နေရာချထားခြင်း အစီအစဉ် အပေါ်တွင် သဘောတူခဲ့သည်။ သို့သော်လည်း အရင်သဘောတူညီမှု မရှိသေးသော စီမံကိန်းများ နှင့်SLRD၏ မြေစာရင်း တိုင်းတာမှုအဓိက အကြောင်းအရင်းများကို ပြီးခဲ့သောစီမံကိန်းတွင် ပြုလုပ်ခဲ့သည်။ လာမည့်လယ်ယာမြေ ဖော်ဆောင်ရေး လုပ်ငန်းစတင် ပြုလုပ်မှုမတိုင်မီ တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီမှု ရှိသင့်သည်။

ပုံ(၃.၂.၁)တွင် စံပြလယ်ယာမြေ ဖော်ဆောင်ရေးစီမံကိန်း၏ အဓိကလုပ်ဆောင်မှု အစီအစဉ်များအား ဖော်ပြထားသည်။ ဆိုလိုရင်း အကြောင်းအရာများ၏ ပြည့်စုံသော အစီအစဉ်များကိုလည်း ဇယား (၃.၂.၁)တွင် ဖော်ပြထားသည်။ အထက်ဖော်ပြပါ စီမံကိန်းဝင်တောင်သူများ ဆိုင်သော အဓိက လုပ်ဆောင်မှုများ ညွှန်ကြားခြင်းနှင့် လယ်သမားအဖွဲ့မှ စည်းစည်းလုံးလုံးနှင့် ဆောင်ရွက်ရန် ဖြစ်သည်။ လယ်သမားများမှ လယ်သမားအဖွဲ့များ ကောင်းစွာဖွဲ့စည်းနိုင်ရန် လုံလောက်သော အချိန်အတိအကျ ပေးသင့်သည်။ဆောက်လုပ်ရေး စတင်ပြုလုပ်ရာတွင် အစည်းအဝေးအား အနည်းဆုံးလေးကြိမ် ပြုလုပ်ပြီး လယ်သမားများနှင့် အစိုးရရုံးများမှ ဝန်ထမ်းများ တက်ရောက်ရမည်။




ပုံ (၃.၂.၁) လုပ်ငန်းအကောင်အထည်ဖော်ခြင်းအဆင့်များပြပုံ

သတင်းရင်းမြစ်-JICA စီမံကိန်းအဖွဲ့ (၂၀၁၄)

## (၃.၃) လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရှိသူများအား အတည်ပြုသတ်မှတ်ခြင်း

စီမံကိန်းဧရိယာအတွင်းရှိလယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ရှိသူများအားအတည်ပြုနိုင်ရန်လေ့လာစီစစ်ခြင်းလုပ်ငန်းအဆင့်ဆင့်၌စီမံကိန်းဝင်တောင်သူများ၏ပူးပေါင်း ပါဝင်မှုမှာအလွန်အရေးပါသည်။လယ်ယာမြေလုပ်ပိုင်ခွင့်ကို "လယ်ယာမြေဥပဒေ၊ ၂၀၁၂ ခုနှစ် မတ်လ"ဖြင့် အတည်ပြုပြဌာန်းထားသည်။ လယ်/ဆည်ဝန်ကြီးဌာန လက်အောက်ရှိကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှာ လုပ်ငန်းများအား ၄င်းဥပဒေအရ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်တမ်းများပြုစုထိန်းသိမ်းထားရှိခြင်းတို့အတွက်အဓိက တာဝန်ရှိသောဌာနတစ်ခုဖြစ်သည်။မြို့နယ်တိုင်းရှိကြေး/မြေဌာနတိုင်းတွင်သက်ဆိုင်ရာမြို့နယ်အတွင်းရှိ လယ်ယာမြေဧရိယာကွက်ချင်းစီ၏အကျယ်အဝန်း၊ကွင်းနံပါတ်၊ဦးပိုင်နံပါတ်နှင့်ပိုင်ရှင်အမည်တို့ကိုမြေပုံနှင့်တကွမှတ်တမ်းတင်ထားသော စာရင်းတစ်ခုစီရှိကြသည်။ထိုစာရင်းကိုအသုံးပြု၍စီမံကိန်းဝင်တောင်သူများနှင့်၄င်းတို့ပိုင်ဆိုင်သည့်မြေများအား အတည်ပြုနိုင်သည်။ (ပုံ ၃.၁တွင် နမူနာရှု) သို့ရာတွင် ဤအဆင့်၌ အောက်တွင်ဖော်ပြထားသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

**ပုံ(၂.၁) လယ်ယာမြေများနှင့် လယ်သမားများအား အတည်ပြုသတ်မှတ်ခြင်း**

ယခုစီမံကိန်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် မြေစာရင်းဦးစီးဌာန၏ မြေယာပိုင်ဆိုင်မှုမှတ်တမ်းအပေါ်အခြေခံကာ စီမံကိန်းဝင်တောင်သူ (၁၅၃)ဦး လယ်ယာမြေ(၃၄၆)ဧကရှိကြောင်း JICA အဖွဲ့မှ အတည်ပြုနိုင်ခဲ့သည်။

| ဖော်ပြချက် | ကိန်းဂဏာန်း |
|---|---|
| စီမံကိန်းဝင်တောင်သူ | ၁၅၃ ဦး |
| စုစုပေါင်းဧက | ၃၄၆ ဧက |





- ✓ အဆိုပါစာရင်းမှာ နှစ်ပေါင်း(၂၀)ကျော် နှစ်စဉ်ပြောင်းလဲပြင်ဆင်မှု ပုံမှန်မပြုလုပ်နိုင်ခြင်းကြောင့် စာရင်းတွင်ပါရှိသော အချို့သော မြေပိုင်ရှင်အမည်များ ၄င်းကာလကြာရှည်က ပိုင်ရှင်အဟောင်းအမည်ဖြင့်ပင်ရှိနေပြီး မှာ လက်ရှိပိုင်ရှင်အမည်နှင့် ကွဲလွဲနေတတ်သည်။ လယ်ယာမြေပိုင်ရှင်ပြောင်းလဲမည့် အခါတိုင်းတွင် မူလပိုင်ရှင်မှ ကြေး/မြေဌာနသို့ လိုအပ်သည့် စာရွက်စာတမ်းများ ပေးပို့ကာအသိပေးအကြောင်းကြားရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကြေး/မြေဝန်ထမ်းမှ ပိုင်ရှင်အမည် လွှဲပြောင်းပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

- ✓ မြေပိုင်ရှင်များ၏လိပ်စာ၊ဖုန်းနံပါတ်စသည်တို့ကို၄င်းစာရင်းတွင်ဖော်ပြထားခြင်းမရှိသည့်အတွက်စီမံကိန်းဝင်အကျိုးခံ စားခွင့်ရတောင်သူများမှာမည်သည့်ကျေးရွာများတွင်နေထိုင်သည်ဆိုသည်ကိုအတိအကျမသိရှိနိုင်ပေ။စီမံကိန်းဝင် တောင်သူအများစုမှာစီမံကိန်းအကောင်အထည်ဖော်မည့်ဧရိယာအနီးတစ်ဝိုက်တွင်နေထိုင်ကြသည်ဆိုသော်လည်းအချို့မှာမူ စီမံကိန်းဧရိယာနှင့်ဝေးကွာသောနေရာများ၊ခြားနားသောမြို့နယ်များတွင်နေထိုင်ကြခြင်းမျိုးလည်းဖြစ်နိုင်သည်။ ထို့ကြောင့် ကုန်ထုတ်လမ်း၊ရေသွင်း/ထုတ်မြောင်းများဖောက်လုပ်ခြင်းအတွက်မြေဧရိယာအချို့ထည့်ဝင်ရခြင်း၊လယ်ယာမြေပြန်လည်နေရာချထားခြင်းအစီအစဉ်အကြမ်းတို့အပေါ်တောင်သူများ၏သဘောတူညီချက်လက်မှတ်ရရှိရန်အချိန်များ စွာကြာမြင့်စေသည်။

လက်ရှိမြေပိုင်ရှင်အမည်အားအတည်ပြုနိုင်ရန်ခက်ခဲသော အခြေအနေမျိုးတွင်မြေစာရင်းဦးစီးဌာနအနေဖြင့် လက်ရှိပိုင်ရှင်၊ ပိုင်ရှင်အဟောင်းနှင့်သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေး မှူးတို့ကိုပါ ဆက်သွယ် အကူအညီရယူကာ အတည်ပြုရပါမည်။ စီမံကိန်းအကောင်အထည်ဖော်ချိန်ကာလတစ်လျှောက်လုံးတွင်လည်းကျေးရွာတွင်းပုံမှန်အစည်းအဝေးများပြုလုပ်သကဲ့သို့ ပင်လိုအပ်သောအစည်းအဝေးများ ဆက်တိုက်လုပ်ဆောင်သွားရပါမည်။

**၃.၂ လက်ရှိမြေနေရာနှင့် မြေပိုင်ရှင်စာရင်းအား အတည်ပြုသတ်မှတ်ခြင်း**

ယခုစီမံကိန်းတွင် လယ်ယာမြေနှင့် မြေပိုင်ရှင်မှတ်တမ်းများကို အတည်ပြုနိုင်ရန် အချိန်(၅)လခန့်ယူခဲ့ရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများမှာ သက်ဆိုင်ရာတောင်သူများ မည်သည့်နေရာများတွင်နေထိုင်သည်ဆိုခြင်းကို အတည်ပြုရန် အကောင်းဆုံးအထောက်အပံ့ပေးနိုင်သူများဖြစ်သည်။

ပုံ(၃.၃.၁) စီမံကိန်းဧရိယာပါ လယ်မြေဧကနှင့် တောင်သူများ စာရင်းအား အတည်ပြုသတ်မှတ်ခြင်းဇယား

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | အမည် | ပိုင်ဆိုင်လယ်မြေ | | | | | | စုစုပေါင်းဧက |
|---|---|---|---|---|---|---|---|---|---|---|
| | | | | လယ်မြေ-၁ | | | လယ်မြေ-၂ | | | |
| | | | | ကွင်း | ဦးပိုင် | ဧက | ကွင်း | ဦးပိုင် | ဧက | |
| ၁ | XXX | xx | ZZZZ | ၁၆၅၄ | ၂၃ | ၀.၃၈ | ၁၆၅၄ | ၂၄ | ၃.၉၇ | ၅.၃၅ |
| ၂ | | | | ၁၆၅၄ | ၂၈ | ၂.၇၁ | | | | |
| ၃ | zz | ZZZ | YYY | ၁၆၆၀ | ၁၈/၂ | ၂.၁ | ၁၆၅၄ | ၂၅ | ၁.၀၂ | ၃.၁၂ |
| ၄ | | | | | | | | | | |
| ၅ | | | | | | | | | | |
| ၆ | | | | ၁၆၆၀ | ၅၆/၂ | ၁.၆၇ | | | | ၁.၆၇ |
| ၇ | | | | | | | | | | |

## ၃.၄ စီမံကိန်းအကြောင်းမိတ်ဆက်ရှင်းလင်းခြင်း သက်ဆိုင်ရာပုဂ္ဂိုလ်များအားလုံးပါဝင်သော ပထမအကြိမ်အစည်းအဝေး

ပထမဆုံး လယ်ယာမြေဖော်ဆောင်ရေး ပုံစံပြီးစီးပြီးနောက် စီမံကိန်းဝင် လယ်သမားများနှင့် ဆည်မြောင်း ဦးစီးဌာန၊ကြေးတိုင်နှင့် မြေစာရင်းဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာ၊ ပူးပေါင်းဆောင်ရွက် ရေးဌာနနှင့် အထွေထွေစီမံ ခန့်ခွဲရေးရုံးစသော အစိုးရရုံးများ ပါဝင်သော အစည်းအဝေးများ ပြုလုပ်သင့်သည်။ ၎င်းအစည်းအဝေးသည် စီမံကိန်းဝင် လယ်သမားများအတွက် ပထမ ဆုံးအကြိမ်ဖြစ်သည်။
ပထမအစည်းအဝေးအား မမှန်ကန်သော အကြောင်းများ မဖြစ်ပေါ်စေရန် ရုံးပိတ်ရက်တွင် ပြုလုပ်ခဲ့သည်။

ဇယား(၃.၃) စီမံကိန်းအား ၂၀၁၃-၂၀၁၄တွင် နေပြည်တော် အနီး၌စတင် လုပ်ဆောင်ခဲ့ပြီး လယ်သမားများနှင့် စီမံကိန်းအား ရှင်းပြရန်နှင့် ဖော်ဆောင်မှု လုပ်ငန်းအား သဘောတူညီမှုအား ဆွေးနွေးရန် ပထမဆုံး ဆွေးနွေးပွဲအား ၂၀၁၃ ဇူလိုင်လ ၂၀ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ လယ်သမားစုစုပေါင်း ၈၃ဦး တက်ရောက်ခဲ့ပြီး ၅၅ဦးပျက်ကွက် ခဲ့သည်။ သို့သော်လည်း ရွာအဆင့်တွင် တစ်အိမ်ချင်း အုပ်စုငယ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နှစ်ပတ်အတွင်း လယ်သမား ၁၃၈ဦးအား ပါဝင်ဆောင်ရွက်မှုများနှင့် သဘောတူညီမှုများ ရရှိခဲ့သည်။

| | |
|---|---|
| နေ့စွဲ | ၂၀၁၃၊ဇူလိုင်လ၊ ၂၀ရက် စနေနေ့ |
| အကြောင်းအရာများ | စီမံကိန်းအကြောင်းအရာများအား နားလည်စေရန်<br>လယ်ယာဖော်ဆောင်ခြင်း သဘောတူညီမှုအား နားလည်စေရန်<br>စီမံကိန်းပြီးစီးခြင်းအား သလာတူညီမှု ရရှိစေရန် |
| နေရာ | ရားတောဘုန်းတော်ကြီးကျောင်း |
| ပါဝင်သူများ | လယ်သမား၈၃ဦး<br>ဆည်မြောင်းဦးစီးဌာန။ မြို့နယ်အရာရှိ ဇမ္ဗူသီရိမြို့နယ်<br>စိုက်ပျိုးရေးဌာန ခရိုင်ဦးစီးမှုး<br>ကြေးတိုင်နှင့်မြေစာရင်းမြို့နယ်အရာရှိ ဇမ္ဗူသီရိမြို့နယ်<br>ပူးပေါင်းဆောင်ရွက်ရေးဌာန<br>JICA စီမံကိန်းအဖွဲ့ |




မြေစာရင်းနှင့် ဆည်မြောင်းဦးစီးဌာနများမှ ရှင်းလင်းပြောကြားချက်များအား အစည်းအဝေးတက်ရောက်လာသောတောင်သူများမှ စိတ်ပါဝင်စားစွာနားထောင်နေကြပုံနှင့် စီမံကိန်းအပေါ် သဘောတူညီချက်လက်မှတ်ရေးထိုးနေကြပုံ

စီမံကိန်းဝင်လယ်သမားများအား ပထမဆုံး အစည်းအဝေးတွင် ပုံစံများ ပြီးဆုံးခြင်းအား ရှင်းပြရန် ဖိတ်ခေါ်ခဲ့သည်။ လယ်သမားများ အနေဖြင့် တာဝန်အား အတည်ပြုရန် အချိန်များ စွာစောင့်စားခြင်းအား သဘောမတူခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် လယ်သမားများ သည် လယ်ယာလုပ်ပိုင်ခွင့် စာအုပ်အား ပြန်လည် ပြင်ဆင်ရန် အချိန်များစွာလိုအပ်ခြင်းဖြစ်သည်။
သက်ဆိုင်ရာ ကျေးရွာဥက္ကဌမှ လယ်ယာလုပ်ကိုင် နိုင်သောသူများနှင့် လုပ်ဆောင်နိုင်သော လယ်သမားများအား ပထမဆုံးအစည်းအဝေးတွင် ဖိတ်ခေါ်ရမည်။

ပထမဆုံးအစည်းအဝေးတွင် ဆည်မြောင်းဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဌာနတို့မှ အခြေခံအကြောင်းများ၊ ရည်ရွယ်ချက်များ၊ အကျိုးအမြတ်များ၊ လယ်ယာမြေဖော်ဆောင်ရေးပုံစံ၊ ဖော်ဆောင်ခြင်းအကြောင်း၊ ဖော်ဆောင်မှု အချိန်ဇယား၊ ကဏ္ဍနှင့် လယ်သမားအဖွဲ့များ၏တာဝန်များ အစရှိသည်များကိုရှင်းပြရမည်။ အဓိကအချက်သုံးချက်အား အောက်တွင်ဖော်ပြထားသည်။

- ✓ လယ်ယာမြေဖော်ဆောင်ရာတွင် ဘယ်အရာများကိုဘယ်လိုပြောင်းလဲမည်နည်း။

  အလုပ်များ ပြန်လည်ပြင်ဆင်ခြင်းနှင့် လယ်ယာမြေဖော်ဆောင်ခြင်း တိုးတက်မှု(သို့) ပြင်ဆင်ခြင်း (သို့)ရေသွင်းမြောင်းနှင့်ရေထုတ်မြောင်းများ အသစ်ပြန်လည် တည်ဆောက်ခြင်း ကုန်ထုတ်လမ်းများ တည်ဆောက်ခြင်းတွင်လယ်ယာဆုံးရှုံးမှုအား စီမံကိန်းဝင် လယ်သမားများ သဘောတူညီခြင်း မရှိပါက ၎င်းတည်ဆောက်ခြင်းများအား ပြုလုပ်နိုင်မည် မဟုတ်ပေ။

- ✓ အဘယ့်ကြောင့် လယ်ယာဖော်ဆောင်ခြင်းသည် လိုအပ်သနည်း။

တင်ပြမှုအရ လယ်သမားများသည် တိရစ္ဆာန်များ၏ ခွန်အားများ၊ များစွာသော အလုပ်သမားများ အားငှင်းတို့လယ်မြေများအတွက် မှီခိုနေရပြီး၊ ဆည်မြောင်းရေရရှိမှုသည် သီးနှံလိုအပ်မှုအရ ခက်ခဲသောကြောင့်ဖြစ်သည်။ ယခုလယ်ယာမြေဖော်ဆောင်မှုသည် ကုန်ထုတ်လမ်းများ တည်ဆောက်ခြင်း၊ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းများ တည်ဆောက်ခြင်းပါဝင်ပြီးစက်မှုလယ်ယာများနှင့်ဆည်မြောင်းရေများရရှိနိုင်ပြီး သီးနှံအထွက်နှုန်းသည်လည်း တိုးတက်လာမည်ဖြစ်သည်။

✓ အဘယ့်ကြောင့် လယ်သမားအဖွဲ့ လိုအပ်သနည်း။

ပြန်လည်နေရာချထားခြင်းတွင် လယ်ယာမြေဖော်ဆောင်ခြင်းနှင့် လယ်သမားများ၏ လုပ်ဆောင်မှုများအား စီမံခန့်ခွဲခြင်းများ ပြုလုပ်ခြင်းနှင့် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်း များပြုလုပ်ခြင်း များလိုအပ်သည်။ လယ်သမား တစ်ဦးချင်းစီအစား လယ်သမားအဖွဲ့မှ လုပ်ငန်းများအား တာဝန်ယူရသည်။ လယ်သမားအဖွဲ့အား ပူးပေါင်းဆောင်ရွက်ရေးဌာနမှ တရားဝင် စားရင်းပြုစုခြင်းများ ပြုလုပ်မည်ဖြစ်သည်။ ကုန်ထုတ်လမ်းများ၊ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းများ ပြုလုပ်ခြင်းအတွက် အစိုးရမှ အကူအညီများ အသုံးပြုခဲ့သည်။

ပါဝင်သောလယ်သမား အားလုံးသည်ကုန် ထုတ်လမ်းများ၊ ရေသွင်းမြောင်းနှင့်ရေထုတ် မြောင်းများတည် ဆောက်ခြင်းကြောင့်ပေးလျှော်လိုက်ရသောမြေပုံစံ၊နေရာနှင့် လယ်မြေ ဧက၏ပမာဏပါဝင် သောမြေနေရာများအ တွက်အကျိုးရှိသည် ဟုထင်သောကြောင့် အစည်းအဝေးအားတက်ရောက်သင့်သည်ဟုထင်သည်။သို့သော်ချို့လယ်သမားများသည် အခြားအကြောင်းအရာများကြောင့်အစည်းအဝေးမတတ်ရောက်နိုင်ပေ။ ထို့ကြောင့်သက် ဆိုင်သောလယ်သမားအားလုံးဖွဲ့စည်း ထားသောအစည်းအဝေအား ပျက်ကွက်သော လယ်သမားများအတွက် ထပ်မံကျင်းပသင့် သည်ဟုထင်သည်။ပါဝင်သော အစိုးရအရာ ရှိများ ၏အကူအညီနှင့် ပူးပေါင်းဆောင်ရွက်ရေး သည်စီမံကိန်းဝင်လယ်သမားများ အစည်းအ ဝေးပြင်ဆင်ခြင်းနှင့်ကျင်းပခြင်းသကဲ့သို့အ များအပြားလိုအပ်သည်။ဥပမာအားဖြင့်မြို့နယ်အထွေထွေ စီမံခန့်ခွဲရေးရုံး၊ စိုက်ပျိုးရေးဌာနတက်ရောက်ခြင်းမှတ်တမ်းနှင့် စီမံကိန်းပြီး စီးခြင်းအားညွှန်ကြားခြင်းနှင့် အများဆန္ဒ ပါဝင် သောသက်ဆိုင်ရွာများ၏ကိုယ်စားလှယ်များ ဥပမာ ရွာဥက္ကဌ၊ ၁၀အိမ်ခေါင်းများသည် သူတို့၏ရွာများတွင် အစည်းအဝေးမတက် ရောက်သောသူများအတွက်အစည်းအဝေး ထပ်မံကျင်းပသင့်သည်။

<u>ဇယား(၃.၄.၁) တောင်သူအစည်းအဝေးတက်ရောက်သူမှတ်တမ်းနှင့် သဘောတူညီချက်ရယူမှုနမူနာပုံစံ</u>

| | ကျေးရွာအုပ်စု | ကျေးရွာ | တောင်သူအမည် | ဧက | သဘောတူညီချက် | | သဘောတူညီကြောင်းလက်မှတ် |
|---|---|---|---|---|---|---|---|
| 1 | | | | | √ | X | |
| 2 | | | | | √ | X | |
| 3 | | | | | √ | X | |
| 4 | | | | | √ | X | |
| 5 | | | | | √ | X | |

ဇယား(၃.၄.၁)တွင် တက်ရောက်သော လယ်သမားများ မှတ်တမ်းနှင့် လယ်ယာဖော်ဆောင်ခြင်းတွင် သဘောတူညီမှုများပါဝင်သည်။ သဘောတူညီမှု များအားတစ်ဦးချင်းစီ မေးမြန်းခဲ့သည်။ ၎င်းတို့သဘောတူညီမှု ရှိခဲ့ပါက စက်ဝိုင်းတွင် "√" သင်္ကေတအားသတ်မှတ်နိုင်သည်။ အပိုင်း(၁) လယ်ယာမြေ ဆုံးရှုံးခြင်းနှင့် အပိုင်း(၂) ပြန်လည်နေရာချထားခြင်းများနှင့်ပက်သတ်၍ လယ်သမားများ အတွက်သဘောတူညီရန် ခက်ခဲနိုင်သည်။(ဥပမာ-ဇယား(၃.၄)တွင်ကြည့်ရန်)

ပထမဖြစ်ရပ်တွင်လယ်သမားများသည်၅%မှ၁၀%ထိလယ်ယာဆုံးရှုံးမှုများဖြစ်လာနိုင်သည်။၎င်းကိစ္စတွင်ဥပမာ ကုန်ထုတ်လမ်းအကျယ်လျှော့ချခြင်းနှင့်ရေသွင်းမြောင်းအကျယ် ပြုလုပ်ခြင်းအား ၁၀%ထက်နည်း စေရန်စီမံကိန်း ပုံစံအား ပြောင်းလဲခဲ့သည်။ စပါးထွက်နှုန်းမှာ ပြီးစီးမှုအတွေ့အကြုံ အရ တစ်ကြိမ်ထုတ်လိုက် သည်ထက်ပို၍ တိုးလာနိုင်သည်။

ဒုတိယဖြစ်ရပ်တွင် လယ်ယာမြေ အသစ်ပြန်လည် ပြင်ဆင်ခြင်း ပါဝင်သောလယ်သမားများအား စီမံခန့်ခွဲရေး ကော်မတီနှင့် လယ်သမားအဖွဲ့မှ ပါဝင်ပြီး အချင်းချင်းတိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်မည်။ အခြေခံ အဓိကအချက်သည် လယ်သမားတစ်ဦးသည် သူတို့၏ လယ်ယာမြေအသစ်များအား နေရာချနိုင်သော သူသည်သူတို့၏ လုပ်ဖော်ကိုင်ဖက် လယ်သမား ဖြစ်သည်။ ထို့ကြောင့် ၎င်းအချက်များသည် လယ်သမား နှစ်ဦးလုံးအချင်းချင်း အားပြေလည်မှုများ ရှိစေနိုင်သည်။

(ဇယား၃.၄)၂၀၁၃-၁၄ နေပြည်တော်တွင် အဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။၎င်းတွင် တောင်သူလယ်သမား များနှင့်ပတ်သက်၍အဓိကအခက်အခဲသုံးမျိုးရင်ဆိုင်တွေ့ရှိခဲ့ပါသည်။

ပထမအခက်အခဲမှာ၊ရေသွင်းစနစ်စိုက်ပျိုးရေးတွင်နံဘေးတွင်စီးဆင်းနေသောရေမြောင်းအသွင်းမှရေးအားတရားမဝင်ဖောက်ယူသုံးစွဲခြင်းများပြုလုပ်ဆောင် ရွက်ခဲ့ပါတယ်များသောအားဖြင့်စီမံကိန်းဧရိယာချောင်းအထက်ပိုင်းတောင်သူများမှလုပ်ဆောင်လာနိုင်ပါတယ်။ထို့ကြောင့်အဆင့်မြင့်လယ်ယာဖော်ဆောင် ၇န်တွန်ဆုပ်လာခဲ့ ကြပါသည်။အကြိမ်ကြိမ်ဆွေးနွေးညှိနိုင်းမှုများပြုလုပ်ပြီးနောက်ပိုင်းမှာတော့ စီမံကိန်းဖော်ဆောင်ရန်သဘောတူလက်ခံခဲ့ကြပါသည်.

ဒုတိယအခက်အခဲ၊နောက်ဆုံးလယ်ကွက်ငယ်များအတည်ပြုလုပ်ဆောင်နေစဉ်အတွင်းမှာပဲအချို့သောတောင်သူများသည်ဖော်ဆောင်ရေး လုပ်ငန်းများ မပြုလုပ်ခင်ကပင် လယ်ကွက်ပြန်လည်ချထားရေးအစီအစဉ်အားသဘောတူညီထားပြီးဖြစ်သော်လည်းအချို့သောလယ်ကွက်များနေရာချထားရာတွင် ငြင်းဆန်မှုများပြုလုပ်လာကြပါသည်။၎င်းကိစ္စနှင့်ပတ်သက်၍တောင်သူများအားတောင်သူစီမံခန့်ခွဲရေးကော်မတီနှင့်မြေစာရင်းအရာရှိများမှ အခင်မင်မပျက် ဆွေးနွေးအဖြေရှာညှိနိုင်းဆောင်းရွက်ရမည်ဖြစ်သည်။

တတိယအခက်အခဲမှာ ထိုနေရာတွင် စီမံကိန်းစတင်ရန်ရက်အား ကြေညာပြီးနောက်ပိုင်းမှအဆောက်အဦးများတည် ဆောက်ခြင်းဖြစ်ပါတယ်။ ထိုပြဿနာ တွင်စီမံကိန်းဝင်းတောင်သူအား နစ်ဦးနစ်ဖက်နက်နာမှုများမဖြစ်ပေါ်ခင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးသို့ခေါ်ယူ ဆွေးနွေးညှိနိုင်းနိုင်ရမည်ဖြစ်သည်။ ထို့နောက် စီမံကိန်းအကျိုးကျေးဇူးအား ထောက်ထားကာ နောက်ဆုံးတွင်၎င်းအဆောက်အဦးအား ရွှေ့ပြောင်းပေးမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့ သည်။

စီမံကိန်းတွင် ပါဝင်သောသူများ အစည်းအဝေးတွင် အခွင့်အရေး လေးချက်ပါဝင်ပြီး လယ်သမားများသည် သဘောတူညီမှု လက်ခံမှု လက်မခံမှုစသော ၎င်းတို့၏ထင်မြင် ယူဆချက်များအား တင်ပြသင့်သည်။

(က) အစည်းအဝေးတွင် စီမံကိန်းပြီးစီးမှု အပေါ် ထင်မြင်ယူဆချက်များ တင်ပြခြင်း။

(ခ)လယ်သမားအဖွဲ့များအပါအဝင်စီမံခန့်ခွဲရေးကော်မတီတို့မှပြုလုပ်သော အစည်းအဝေးတွင် ၎င်းဖြစ်ရပ်အပေါ် လယ်သမားများ၏ သဘောတူညီမှု တောင်းခံခြင်း နှင့် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းများပြုလုပ်ခြင်း။

(ဂ)ကုန်ထုတ်လမ်း၊ရေသွင်းမြောင်းနှင့်ရေထုတ်မြောင်းများပြုလုပ်ခြင်းတွင်ဆုံးရှုံးသွားသောလယ်ယာမြေများအပေါ် ဘဘောတူညီမှု အစည်းအဝေးပြုလုပ်ခြင်း။

(ဃ) နေရာပြန်လည်ချထားခြင်း အစီအစဉ်အပေါ် သဘောတူညီမှု အစည်းအဝေးပြုလုပ်ခြင်း။

၎င်းအခွင့်အရေးတိုင်းတွင် လယ်သမားများ အားလုံးသည် ၎င်းတို့၏ထင်မြင် ယူဆချက်များ တင်ပြနိုင်သော အခွင့်အရေးများနှင့် လယ်သမားအားလုံး၏ သဘောတူညီမှုအပေါ် စီမံကိန်းမှ တစ်ဆင့်တစ်ဆင့် ရှေ့ဆက်ပြုလုပ် မည်ဖြစ်သည်။

### ၃.၅ လယ်သမားအဖွဲ့ဖွဲ့ခြင်း (ဒုတိယအကြိမ်အစည်းအဝေး)

လယ်သမားအဖွဲ့ဖွဲ့ရန် လယ်သမားများအား စုစည်းဖိတ်ခေါ်ခဲ့သည်။ သက်ဆိုင်ရာ အစိုးရအရာရှိများမှ လယ်သမားများ အဖွဲ့ဖွဲ့ရာတွင် အကူအညီပေးခဲ့သည်။ သက်ဆိုင်ရာ အစိုးရအရာရှိများမှ လယ်သမားများ ၎င်းတို့ကိုယ်တိုင်ဖွဲ့ထားသော အဖွဲ့အား ချောမွေ့စွာ ပြီးမြောက်စေရန် ကူညီပေးခဲ့သည်။ တူးမြောင်းများ နှင့်ကုန်ထုတ်လမ်းများ ကဲ့သို့သော လုပ်ငန်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအား တာဝန်ယူရသည်သာမက လယ်ယာမြေ ဖော်ဆောင်ရေးအတွက် လယ်သမားများ၏ဆန္ဒ ပါဝင်သော အဓိကကဏ္ဍများကို လယ်သမား အဖွဲ့မှဆောင်ရွက်ရသည်။ လယ်ယာမြေ ဖော်ဆောင်ခြင်းတွင် အဓိကအားဖြင့်လယ်ယာမြေ ဆုံးရှုံးခြင်းအား သဘောတူညီခြင်း နှင့်ပြန်လည်ဖော်ဆောင်ခြင်းအား သဘောတူညီခြင်း အစရှိသည့် ခက်ခဲသော ဖြစ်ရပ်နှစ်ခု ပါဝင်သည်။

လယ်ယာမြေ ဖော်ဆောင်ခြင်း ပြီးစီးမှုနှင့်အတူ လယ်သမားများသည် သူတို့၏လယ်များအား ကုန်ထုတ်လမ်းများ၊ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းများ ပြုလုပ်ရန် ဆုံးရှုံးခြင်းများနှင့် ကိစ္စအများစု အတွက်၅%မှ၁၀%ထိ မျှဝေပေးခဲ့သည်။ အချို့ကိစ္စ အများစုများကြောင့် လယ်သမားများသည် သူတို့၏မူလ နေရာမှအခြားနေရာ အသစ်သို့ပြန်လည် ပြောင်းရွှေ့ပေးခဲ့ရသည်။ အကယ်၍ လယ်သမားတစ်ဦးသည် စီမံကိန်း ဧရိယာအတွင်း မြေကွက်၂ကွက်မှ ၃ကွက်အတွင်း ပိုင်ဆိုင်ပါက မြေကွက်များအား တစ်နေရာထဲတွင် ပေါင်း၍ပြုလုပ်ခြင်းသည် အကောင်းဆုံးအကြံညဏ်ဖြစ်သည်။ ၎င်းအချက်များတွင် လယ်ယာမြေဆုံးရှုံးခြင်းနှင့် ပြန်လည်နေရာ ချထားခြင်းအတွက် သဘောတူညီမှုများအတွက် အချိန်ယူရပါသည်။

နောက်ဆက်တွဲ ရောက်လာမည့် ဖော်ဆောင်ရေး စီမံကိန်းများအတွက် အရင်ရောက်ရှိလာသော လယ်ယာ မြေ ဖော်ဆောင်ရေး စတင်ပြုလုပ်မှု တွင်သဘော တူညီမှုများ ရှိသင့်သည်။ ထို့နောက် SLRDနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနသည် လယ်သမားအဖွဲ့နှင့် စီမံခန့်ခွဲရေးကော်မတီထံမှ သဘောတူညီမှု ရရှိရန် တောင်းခံမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လယ်သမားများသည် သူတို့၏အကောင်းဆုံး လုပ်ဖော်ကိုင်ဖက် များကိုသူတို့ကိုယ်တိုင် သိသောကြောင့်ဖြစ်သည်။ အစိုးရအရာရှိများ လယ်သမားများမှ သဘောတူညီမှုများနှင့် လယ်သမားအဖွဲ့ ပြုလုပ်ရန် ဆောင်ရွက်သင့်သည်။

ပထမဆုံးအစည်းအဝေးတွင် လယ်သမားများ၊ ဆည်မြောင်းဌာနနှင့် ပူပေါင်းဆောင်ရွက်ရေး ဌာနများပါဝင်ပြီး လယ်ယာဖော်ဆောင်ရေး စီမံကိန်းအား ၎င်းတို့ဧရိယာအတွင်း စတင်ရခြင်းနှင့် စီမံကိန်းပြီးစီးမှုအတွက် လယ်သမားအဖွဲ့ဖွဲ့ခြင်းအားရှင်းပြခဲ့သည်။ ထို့နောက် ပထမအစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်ရေး ဌာနမှ စီမံကိန်း၏ရည်ရွယ်ချက်၊ လယ်သမားအဖွဲ့ ထူထောင်ရခြင်း အကျိုးများနှင့် ဒုတိယအစည်းအဝေးတွင် တရားဥပဒေအရ စာရင်းပြုလုပ်ပုံ နည်းလမ်းများအား ရှင်းပြခဲ့သည်။

လယ်သမားများ စီမံကိန်းအား လေ့လာပြီးနောက် လယ်သမားအဖွဲ့၏ နောက်တစ်ဆင့်ကဏ္ဍသည် လယ်သမားအဖွဲ့၏ စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်အား ရွေးချယ်ရန်ဖြစ်သည်။ ကျေးရွာတစ်ရွာစီတွင် အနည်းဆုံး လယ်သမားတစ်ယောက်မှ နှစ်ယောက်ရွေးချယ်ပြီး ၎င်းတို့ရွာများအတွက် ပြန်လည်တင်ပြ ရန်ဖြစ်သည်။ စီမံခန့်ခွဲရေး ကော်မတီ၏တာဝန်သည် ပူးပေါင်းဆောင်ရွက်ရေး ဌာနအား တက်ရောက်မှု အားလုံးအားရှင်းပြရမည် ဖြစ်သည်။ ကော်မတီအဖွဲ့ဝင်များ၏ နာမည်စာရင်း၊ အဖွဲ့ဝင်များ၏ သက်ဆိုင်ရာ တာဝန်များအား ခွဲဝေပေးခြင်းနှင့် တာဝန်ယူရမည့် အပိုင်းနှင့်ပက်သတ်၍ ရှင်းပြခြင်းများကို ပါဝင်သူများ အကြားခွဲပေးရမည်။

လမ်းညွှန်တစ်ခု ပြင်ဆင်ရန် လယ်သမားအဖွဲ့ မှတ်တမ်းအား စီမံခန့်ခွဲရေး ကော်မတီမှ ပူးပေါင်း ဆောင်ရွက်ရေးဌာနသို့ ပေးရမည်။ စီမံခန့်ခွဲရေး ကော်မတီအတွက် လိုအပ်သောတာဝန်များ နှင့်ကော်မတီ၏ အစည်းအဝေး ကျင်းပခြင်းများအတွက် ယာယီရုံးအဖြစ် အသုံးပြုနိုင်ရန် နေရာတစ်ခုအား ထားရှိမည်။ ၎င်းယာယီရုံးသည် အဖွဲ့ဝင်များ ဆက်သွယ်ရလွယ်ကူသော နေရာနှင့် မြို့နယ်ပူးပေါင်းဆောင်ရွက်ရေး ဌာနမှ လယ်သမားအဖွဲ့မှတ်တမ်းအား တောင်းဆိုရလွယ်ကူသော နေရာဖြစ်ရပါမည်။

### ၃.၅.၁ လယ်သမားအဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံများ

အခြေခံတည်ဆောက်ပုံအား အောက်တွင်ဖော်ပြထားပြီး ပူးပေါင်းဆောင်ရွက်ရေး ဌာနမှ ထောက်ပံ့ ပေးရမည်။ အဖွဲ့၏ အကြီးမားဆုံး အပိုင်းမှာ သာမန်စုဝေးခြင်းဖြစ်ပြီး ပါဝင်သောလယ်သမားများနှင့် ဖွဲ့စည်းထားပြီး ဆုံးဖြတ်နိုင်မှုအား လွှဲပြောင်းပေးအပ်ထားသည်။ အစီအစဉ်အားလုံးအကို ပုံမှန်စုဝေးခြင်းများပြုလုပ်ပြီး ၎င်းအစည်းအဝေး၌ပင် လယ်ယာမြေများ ပြန်လည်နေရာချထားခြင်း အပေါ်တွင် သဘောတူညီမှုကဲ့သို့သော အရေးကြီးသော ဆုံးဖြတ်ချက်များကို ပြုလုပ်ခဲ့သည်။

၎င်းအစုအဝေးတွင် စီမံခန့်ခွဲရေး ကော်မတီမှ ပြုလုပ်ရမည်။ စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များကို အထက်တွင် ဖော်ပြထား ခဲ့သကဲ့သို့ ပထမဆုံးလယ်သမား အစည်းအဝေးတွင် ပါဝင်သူများအားလုံးမှ ရွေးချယ်ခဲ့သည်။ ကော်မတီအဖွဲ့ဝင်များအား သဘာပတိ၊ အတွင်းရေးလက်ထောက်၊ စာရင်းစစ်သူနှင့် ပါဝင်သောလယ်သမားများမှ ဖြစ်လာသော အဖွဲ့ဝင်များ ဟူ၍ခွဲခြားထားသည်။ စီမံခန့်ခွဲရေး ကော်မတီသို့ ရွာများမှ အနည်းဆုံးတစ်ယောက်မှ နှစ်ယောက် တင်ပြရန်ပို့လွှတ်ရမည်။

ပုံမှန်အစည်းအဝေးတွင် နေ့စဉ်နှင့်အမျှ ဖြစ်စဉ်များ စီမံခန့်ခွဲခြင်းကို စီမံခန့်ခွဲရေးကော်မတီမှ ဆုံးဖြတ်ခဲ့သည်။ ထပ်မံ၍ အထူးသဖြင့် (၁) လယ်ယာဆုံးရှုံးခြင်းအား လယ်သမားများ အားလုံး၏ ဆန္ဒပါဝင်ခြင်း၊ (၂) လယ်သမားအားလုံး၏ သဘောတူညီမှု ပါဝင်သော နေရာပြန်လည်ချထားခြင်း၊ (၃) လယ်သမားများထံမှ နစ်နာစေသည့်အကြောင်းများ ဖြစ်ပေါ်ခြင်းအား ဖြေရှင်းခြင်းအားလက်ခံခြင်း ကဏ္ဍ၃ခုခွဲထားပါသည်။ ပူးပေါင်းဆောင်ရွက်ရေး ဌာနမှ ပြဿနာများ ဖြေရှင်းရန် ကော်မတီအား ကူညီနေစဉ်တွင် သဘောတူညီမှုများ ရရှိရန် ကြေးတိုင်နှင့်မြေစာရင်းဌာနနှင့် ဆည်မြောင်းဌာနတို့မှ ကော်မတီအား ကူညီမည်ဖြစ်သည်။

စီမံခန့်ခွဲရေးကော်မတီမှ လယ်ယာမြေဖော်ဆောင်ခြင်းတွင် လယ်ယာမြေဆုံးရှုံးခြင်း အားသဘောတူညီခြင်း နှင့်ပြန်လည်နေရာချ ထားခြင်း အစီအစဉ်များ ပါဝင်သော အဓိကကဏ္ဍများရှိသည်။ သီးခြားနေရာများမှ လယ်ယာမြေ နေရာတူညီစေရန် အချင်းချင်း ဖြေရှင်းခြင်းအား ကော်မတီမှ ဖြေရှင်းသည်။ ထပ်ပေါင်း၍ တစ်ကေဈေးနှုန်းသတ်မှတ် ရန်ပြင်ဆင်ခဲ့ပြီး ပြန်လည်နေရာချထားခြင်း တွင် လယ်မြေအပိုင်းသေး များပိုင်ဆိုင်သော လယ်သမားများသည် သူတို့၏လယ်ကွက်များအား ရောင်းချရန် ပြင်ဆင်ခဲ့သည်။ ပြန်လည်နေရာချထားခြင်း ဈေးနှုန်းသတ်မှတ်ခြင်းအား အများဆန္ဒဖြင့် ပြုလုပ်ခဲ့သော်လည်း လယ်ယာမြေ ဖော်ဆောင်ခြင်းပြီးနောက်မှ ပြုလုပ်မည်မဟုတ်ပါ။

လယ်သမားအဖွဲ့မှ အများဆန္ဒဖြင့် လယ်သမားဝန်ထမ်း သို့မဟုတ် မဲပေးရွေးချယ်ထားသော ကော်မတီအဖွဲ့ အားကော်မတီအဖွဲ့မှ မျဉ်းကြောင်းပုံစံဖြင့် နေရာထားရှိသည်။ စီမံခန့်ခွဲရေးကော်မတီသည် ကော်မတီ အဖွဲ့အား စစ်ဆေးနိုင်သည်။ ကော်မတီအဖွဲ့၏ အခြေခံကဏ္ဍ အစီအစဉ်ရေးဆွဲခြင်းသည် ကုန်ထုတ်လမ်းနှင့် တူးမြောင်းများ၊ စိုက်ပျိုးရေးသွင်းအားစု ပမာဏများနှင့်




<u>ပုံ (၃.၅.၁) တောင်သူအဖွဲ့အစည်းအတွင်း လုပ်ငန်းနှင့် အစီအစဉ်များရေးဆွဲလည်ပတ်ပုံ</u>

သက်ဆိုင်သော အစီအစဉ်များ နှင့် လုပ်ငန်းများ ရှေ့ဆက်သွားခြင်း အတွက်ပုံမှန် အစည်းအဝေးတွင် ဆုံးဖြတ်ချက်များ ပြုလုပ်ခဲ့သည်။

### ၃.၅.၂ တောင်သူအဖွဲ့အစည်း မှတ်ပုံတင်ခြင်း

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် မေလက မူလအခြေခံ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ လူမှုဝန်းကျင် တစ်ခုဖြစ်သည့် လယ်သမားများဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် တရားဝင် ပေါ် ပေါက်လာခဲ့ပြီး သမဝါယမဦးစီးဌာန (၂) နှင့် ပူးပေါင်းကာ မှတ်ပုံတင်နိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ တွင် လယ်သမားများ ဆိုင်ရာ အဖွဲ့အစည်းသို့ တရားဝင် ဝင်ရောက်ရန်အတွက် ဖြစ်နိုင်သည့် အခြေအနေတစ်ခုအနေနှင့် မိမိဘာသာ ဝင်ရောက်လိုခြင်း ရှိ မရှိ အား ရွေးချယ်နိုင် ခြင်း သို့မဟုတ် အခိုက်အတန့် တစ်ခုအတွင်း အမှန်တကယ် ရွေးချယ်နိုင်ခြင်းပင် ဖြစ်သည်။ လယ်သမားများဆိုင်ရာ အဖွဲ့အစည်းအတွက် မူလအခြေခံ ဆိုင်ရာ လူမှုဝန်းကျင် အဖြစ် တရားဝင် အခြေအနေတစ်ခုအဖြစ် မှတ်ပုံတင် ဝင်ရောက်နိုင်ပြီ ဖြစ်သည်။

အမှန်တကယ်တော့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လူမှုဝန်းကျင်နှင့် ဆည်မြောင်း လုပ်ငန်းများ လွယ်ကူ ချောမွေ့အောင် စီမန်ခန့်ခွဲနေသည့် အဖွဲ့အစည်းများ အထူးသဖြင့် မြေယာ ပြုပြင် စီမံခန့်ခွဲနေသည့် အဖွဲ့အစည်းများကြား ကွာခြား ချက်များ ရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ လူမှုဝန်းကျင် ၏ အခြေခံ သဘော သဘာဝမှာ စိတ်ဝင်စားမှုမှ စတင်ပြီး ဖိအား တစ်စုံတစ်ရာ မပါဝင်ဘဲ အလိုအလျောက် အဖွဲ့ဝင်များအဖြစ် ပါဝင်လာခြင်း ဖြစ်ပါသည်။ လယ်သမား များဆိုင်ရာ အဖွဲ့အစည်းများအတွက်လိုက်လျောညီထွေ ဖြစ်သည့် တရားဝင် မူဘောင်အား ထောက်ခံချက် ရရှိခဲ့ ပြီး ဖြစ်ပါသည်။ ဥပမာ ဆည်ရေ အသုံးပြုသူများ ဆိုင်ရာ အဖွဲ့အစည်း များအတွက် ဥပဒေ ပြဌာန်းရန် ပြင်ဆင်နေပြီ ဖြစ်သည်။ အဖွဲ့အစည်း များ ဆိုင်ရာ စည်းမျဉ်း အရ မြေယာပြုပြင် စီမံခန့်ခွဲခြင်းနှင့် ဆည်မြောင်းလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက်လည်း ပါဝင်သည်။


လယ်သမားများဆိုင်ရာ အဖွဲ့အစည်းများအတွက် အားသာချက် များမှာ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေ ရရှိခြင်း၊ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျ ဖြင့် ဝယ်ယူ နိုင်ခြင်း၊ စသည့် အခွင့်အလမ်းများ ရရှိမည် ဖြစ်ပါသည်။ ပိုကောင်းသည့် အားသာ ချက် တစ်ရပ်မှာ တရားဥပဒေဆိုင်ရာ အခွင့်အလမ်းများ ပံ့ပိုးပေးထား ခြင်းပင် ဖြစ်သည်။ မျှော်လင့်ထား သည့် ရလာဒ်တစ်ခုအနေနှင့် မြေယာပြုပြင်သည့် စီမံကိန်းဧရိယာအတွင်း လယ်ကြားမြောင်းများနှင့် လယ်ဘောင် (လယ်ကန်သင်းရိုး) များသည် အခြေခံ လိုအပ်ချက် များ ဖြစ်သည်။ မြေယာပြုပြင်သည့် လုပ်ငန်း ပြီးသည့်နောက် အဖွဲ့အစည်း၏ ပိုင်ဆိုင်မှု ဧရိယာ (ဧက) များကို မှတ်ပုံတင် သွားမည် ဖြစ်သည်။ (လယ်သမား တစ်ဦးချင်း၏ ပိုင်ဆိုင်မှု ကို မှတ်ပုံတင် မပြုလုပ်ပါ။) အများပိုင် လယ်ယာမြေများနှင့် ပတ်သက်ပြီး အစိုးရ၏ထောက်ပံ့မှု ကို တရားဝင် တောင်းဆို ရရှိနိုင်မည် ဖြစ်ပါသည်။ (ဥပမာ လယ်ဘောင်များ ပြန်လည် ဖော်ထုတ်ခြင်း၊ ဆည်မြောင်း ရေထုတ်စနစ်) များ အစရှိသည်တို့ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ယင်းလုပ်ငန်းများသည် လယ်သမားများဆိုင်ရာ အဖွဲ့အစည်းမှ မတတ်နိုင်သော အလုပ်များ ဖြစ်သောကြောင့် ဖြစ်သည်။

## ၃.၆ လယ်ယာမြေပြန်လည် နေရာချထားခြင်းအစီအစဉ်အား ထူထောင်ခြင်း

### ၃.၆.၁ လယ်ယာမြေဆုံးရှုံးများအပေါ် သဘောတူညီခြင်း၊ တတိယအကြိမ် ပါဝင်သူများအစည်းအဝေး

လယ်ယာမြေ ဖော်ဆောင်ခြင်းအား စတင်မပြုလုပ်မီ ပါဝင်သော လယ်သမားများသည် လယ်ယာမြေ ပြန်လည်နေရာ ချထားခြင်းအစီအစဉ်အား သဘောတူညီမှု ရှိရမည်။ လယ်ယာမြေ ပြန်လည်နေရာ ချထားခြင်းအား ပြင်ဆင်ရန် ဆည်မြောင်းဦးစီးဌာနမှ ကုန်ထုတ်လမ်းသစ် ပြုလုပ်ရန် ဧကပမာဏများ ၊ လယ်ယာမြေဖော်ဆောင်ရေး လုပ်ငန်းအတွင်း ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်း တည်ဆောက်ခြင်း စသောလယ်ယာမြေ ပြန်လည်နေရာချ ထားရေးအစီအစဉ် ပြင်ဆင်ရန် စီမံခန့်ခွဲရေး ကော်မတီအား အချက်အလက်များ ပြင်ဆင်ပေးမည်ဖြစ်သည်။ စီမံခန့်ခွဲရေး ကော်မတီမှ လယ်ယာအဖွဲ့ဝင်များအား အောက်တွင် ဖော်ပြခဲ့သည့်အတိုင်း မည်သည့်ရာခိုင်နှုန်း ပေးအပ်သင့်သည်ကို ခန့်မှန်းရမည်။

- ✓ လယ်ယာမြေဧရိယာ စုစုပေါင်းကို မှတ်တမ်းစာရင်းတွင် ဖော်ပြခဲ့သည် ၁၀၀၀ ဧက
- ✓ ကုန်ထုတ်လမ်း ဖော်ဆောင်သောလယ်မြေ ၂၃ဧက
- ✓ ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်း ဖော်ဆောင်သောလယ်မြေ ၄၃ဧက
- ✓ ပေးအပ်သောလယ်မြေရာခိုင်နှုန်း(၂၃+၄၃+၁) /၁၀၀၀=၆.၇ရာခိုင်နှုန်း




ပုံ ၃.၆.၁ ကုန်ထုတ်လမ်း၊ ရေသွင်း/ထုတ်မြောင်းများတည်ဆောက်ရန်အတွက် လယ်ယာမြေဧရိယာအချို့ထည့်ဝင်ရမှုအပေါ် ရှင်းလင်းပုံ


ယခုလို လယ်ယာမြေဆုံးရှုံးခြင်းအား လယ်သမားများ နားလည်မှုရှိစေရန် လယ်သမားများအား စီမံကိန်း မစတင်မီနှင့် စီမံကိန်းပြီးဆုံးပြီးနောက် ခြုံငုံသုံးသပ်ချက် ပြသထားသော ဥပမာတခု လိုအပ်သည်။ (ပုံ၃.၆.၁)တွင်ကြည့်ပါ။ လယ်ယာမြေဖော်ဆောင်ရေး မစတင်မီ လယ်မြေအများစုတွင် ကုန်ထုတ်လမ်းများ၊ ရေသွင်းမြောင်း ရေထုတ်မြောင်းများ မရှိပေ။ လယ်ယာမြေဖော်ဆောင်ပြီးစီးချိန်တွင် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း ရေထုတ်မြောင်းများစသော စိုက်ပျိုးရေးနှင့် ဆိုင်သော လုပ်ငန်းသစ်များ ပြသနိုင်မည်။ ၎င်းအပိုင်းများအား တည်ဆောက်ရန်နှင့် သူတို့၏ လယ်ယာမြေ များအား အညီအမျှ ပေးအပ်ရမည်။

ကိစ္စအများစုတွင် လယ်ယာမြေ ၅ရာခိုင်နှုန်းမှ အများဆုံး ၁၀ရာခိုင်နှုန်း ဆုံးရှုံးခြင်းသည် စီမံကိန်းပြီးဆုံးမှ အပေါ်တွင် အခြေခံသည်။ လယ်ယာမြေ ဆုံးရှုံးမှုသည် ၁၀ရာခိုင်နှုန်းထက် ပို၍ဆုံးရှုံးမှုများ မဖြစ်သင့်ပေ။ ၎င်းကဲ့သို့ လယ်မြေဆုံးရှုံးမှုသည် ၁၀ရာခိုင်နှုန်း ကျော်ပါက စီမံကိန်းဝင် လယ်သမားများသည် လယ်ယာမြေ ဖော်ဆောင်ရေး စီမံကိန်းတွင် တွေ့ဝေမှုများ ဖြစ်လာနိုင်သည်။ ယခုကဲ့သို့ လယ်ယာမြေဖော်ဆောင်ရေးမှ မည်သည့်အကျိုးအမြတ်မှ မရှိပါက စီမံကိန်းပြီးစီးအောင် လုပ်ဆောင်ရာတွင် လက်ခံရန် ခက်ခဲပေလိမ့်မည်။ ၎င်းအကြောင်းနှင့် စပ်လျဉ်း၍ လယ်သမားများအား စီမံကိန်းပြုလုပ်သော လယ်မြေများမှ ရနိုင်သော အကျိုးအမြတ်များအား ဥပမာတစ်ခုဖြင့် ပြသသင့်သည်။ (ဇယား၃.၅တွင် ဥပမာအဖြစ်ကြည့်ပါ)

၎င်းသည် ဖေရယ်(၂၀၁၀) ပတ်ဝန်းကျင်နှင့် လူမှုရေး ထည့်သွင်းစဉ်းစား ရေးအတွက် JICA ၏လမ်းညွှန် နှင့်အတူ ကမ္ဘာ့ဘဏ် လုံခြုံရေးလမ်းညွှန် OP/BP ၄.၁၂အရ လုံခြုံရေးလမ်းစဉ် တစ်ခုဖြစ်သည်။ လုံခြုံရေးလမ်းစဉ် ဖြစ်နိုင်သလောက် ကုန်ကျစရိတ်များ အစားထိုးခြင်းသည် လျော်ကြေးအပေါ် မူတည်နေပါသည်။ (ဒီနေရာတွင် ကုန်ကျစရိတ် ဆိုသည်မှာ စီမံကိန်း အကြိုနဲ့ အကြိုပြောင်းရွှေ့ခြင်း ယခုလမ်းစဉ်တွင် လယ်ယာမြေ ဖော်ဆောင်ရေး စီမံကိန်းမှ ရရှိသော အကျိုးအမြတ်များသည်

လယ်ယာမြေဖော်ဆောင်ရေးစီမံကိန်းအား(၂၀၁၃-၁၄)တွင် `JICA အကူအညီဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။စီမံကိန်းအကောင်အထည်မဖော်ခင်မှာပင် စီမံကိန်းဖော်ဆောင်မည့် နေရာအနီးတဝိုက် JICA လေ့လာရေးအဖွဲ့မှစစ်တမ်းကောက်ယူလုပ်ဆောင်ခဲ့ပြီ လွန်ခဲ့သောနှစ်၃နှစ်မှစ၍လယ်ယာမြေဖော်ဆောင်ခြင်းအားတောင်း သူများ အားမိတ်ဆက်ပေးခဲ့ပြီးဖြစ်ပါသည်။ စစ်တမ်းကောက်ချက်များအရ တောင်းသူများရရှိလာမည့်အဓိကအကျိုးအမြတ်များအားသတ်မှတ်ခဲ့ သည်(၁)ရေသွင်းရေထုတ်စနစ်များဖြင့်သီးနှံ့အထွက်တိုးနှုန်းအားမြင့်တက်လာခြင်း(၂)ရိတ်သိမ်းပြီးသီးနှံများအားလယ်ကွင်းမှပြင်ပသို့ သယ်ယူပို့ဆောင်းခြင်းစရိတ်များသိသာစွာလျော့ချလာခြင်း

အောက်ပါအခြေပြဇယားအရ မိုးစပါးအသားတင်ဝင်ငွေ ၁၅၄ ရာခိုင်နှုန်းအထိမြင့်တက်လာပြီး. နွေစပါး အသားတင်ဝင်ငွေအဖြစ် ၁၄၂ ရာခိုင်နှုန်းနှင့်မတ်ပဲတွင်၁၃၇ရာခိုင်နှုန်းဖြစ်သည်။၎င်းအသားတင်ဝင်ငွေမှာ (၇.၇) ရာခိုင်နှုန်းမြေဆုံးရှုံးမှုထက်စီမံကိန်းမဖော်ဆောင်မီပိုင်ဆိုင်မှု ထက်ပိုမိုမြင့်တက်လာသည်။




(ဇယား ၃.၅)စီမံကိန်းမတိုင်မီနှင့်အပြီးသီးနှံအလိုက်ဝင်ငွေရရှိမှုနှိုင်းယှဉ်ချက် JICA စီမံကိန်းအဖွဲ့

လယ်သမားများအား ပေးအပ်ရာတွင် အများအပြား ပိုသင့်သည် ဟု ထင်မြင်ယူဆသည်။

ပေးအပ်ရန် မြေရာခိုင်နှုန်းမှာ ၆၇ရာခိုင်နှုန်း ဖြစ်ပြီး အထက်တွင် ဥပမာပြသထားသည်။ လယ်သမားများ ပိုင်ဆိုင် သော လယ်မြေများအားလုံးကို အတူတကွ ပြောင်းလဲရမည်။ (ဇယား၃.၆.၁ တွင်ဖော်ပြထားသည့် အတိုင်း) နေရာအားလွဲ ပြောင်းပေးအပ်ရန် အောက်ပါစာမျက်နှာတွင် အကျဉ်းချုပ်ဖော် ပြခဲ့ပြီး ပုံမှန်အတိုင်း တွက်ချက်ခဲ့သည်။ စာရွက်တွင် လယ်သ မားများ၏နာမည်၊ ရွာနာမည်နှင့် ပိုင်ဆိုင်သည့်နေရာ တူညီစွာ လျှော့ချသည့် ရာခိုင်နှုန်းနှင့် လျှော့ချပြုလုပ်ပြီးစီးပြီး နေရာများ အား ပြသထားသည်။

စုစည်းပြုလုပ်သော အစည်းအဝေးတွင် ပါဝင်သော လယ်သမားများ တက်ရောက်ရန်နှင့် စီမံခန့်ခွဲရေး ကော်မတီမှ မူလကေပမာဏနှင့် လယ်ယာမြေဖော်ဆောင်ခြင်းအတွက် လျှော့ချထား သော လယ်ကေပမာဏများ ဖြည့်စွက်ထားသော စာရွက်အား ပြသမည်ဖြစ်သည်။ စီမံခန့်ခွဲရေးကော်မတီမှ လယ် ယာဖော်ဆောင်ခြင်း ပြီးစီးမှုအကြိုတောင်းဆိုခြင်း ကဲ့သို့မည့် သည့်လျှော်ကြေးမှမပါပဲ မြေယာဆုံးရှုံးမှုအား လက်ခံနိုင်ခြင်း အားတောင်းဆိုရမည်။ ထိုအရာသည် လယ်သမားများ လျှော့ချ ခြင်းအာ လက်ခံရန် အချိန်ယူရမည်။ ထို့အတူ စီမံခန့်ခွဲရေး ကော်မတီမှ ဤလယ်ယာမြေ ဖော်ဆောင်ခြင်းမှ အကျိုးအမြတ် များအား ရှင်းပြရန်လိုအပ်သည်။

**ဇယား(၃.၆.၁) စီမံကိန်းဧရိယာပါ လယ်မြေကေနှင့် တောင်သူများ စာရင်းအား အတည်ပြုသတ်မှတ်ခြင်းဇယား**

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ | အမည် | ပိုင်ဆိုင်လယ်မြေ | | | | | | စုစုပေါင်း ကေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | | လယ်မြေ-၁ | | | လယ်မြေ-၂ | | | |
| | | | | ကွင်း | ဦးပိုင် | ကေ | ကွင်း | ဦးပိုင် | ကေ | |
| ၁ | XXX | xx | ZZZZ | ၁၆၅၄ | ၂၃ | ၀.၃၈ | ၁၆၅၄ | ၂၄ | ၃.၉၇ | ၅.၃၅ |
| ၂ | | | | ၁၆၅၄ | ၂၈ | ၂.၇၁ | | | | |
| ၃ | zz | ZZZ | YYY | ၁၆၆၀ | ၁၈/၂ | ၂.၁ | ၁၆၅၄ | ၂၅ | ၁.၀၂ | ၃.၁၂ |
| ၄ | | | | | | | | | | |
| ၅ | | | | | | | | | | |
| ၆ | | | | ၁၆၆၀ | ၅၆/၂ | ၁.၆၇ | | | | ၁.၆၇ |
| ၇ | | | | | | | | | | |

ယခုကိစ္စတွင် စည်းဝေးပြုလုပ်နေစဉ်အတွင်း လယ်ယာမြေလျှော့ချခြင်းတွင် အတူတကွ သဘောတူညီမှု မရှိသေးပါ။ မြေပြင်ပေါ်တွင် လုပ်ငန်းအကောင်အထည် ဖော်ခြင်း အဓိကအားဖြင့် အိမ်တိုင်ရာရောက် သွားခြင်း လယ်ယာမြေ လျှော့ချခြင်းအား လယ်သမားများ လက်ခံလာသည့်တိုင်အောင် ပြုလုပ်ရမည်။ အိမ်တိုင်ရာရောက်သွားခြင်းတွင် စီမံခန့်ခွဲရေး ကော်မတီမှ အဖွဲ့ဝင်များသည် မိမိတို့နှင့် သက်ဆိုင်သော ရွာများသို့ သွားရောက်ရမည်။ အိမ်တိုင်ရာရောက် သွားခြင်းသည် ပုံမှန်အစည်းအဝေးတွင် မတတ်ရောက် သောလယ်သမားများ အတွက်လည်း အကာအကွယ်ဖြစ်လိမ့်မည်။ လယ်သမားများအား လျှော့ချခြင်း ကိစ္စတွင် ဆက်သွယ်ခြင်း၊ အကြံဉာဏ်ရယူခြင်း နှင့်သဘောတူညီမှု များကို စာရွက်၏ညာဘက်တွင် လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ရမည်။

**(၃.၆.၂) လယ်ယာမြေပြန်လည်နေရာချထားခြင်းအားသဘောတူညီမှုလေးကြိမ်မြောက်အဖွဲ့ဝင်များအစည်း အဝေး**

လယ်ယာမြေဖော်ဆောင်ရေး လုပ်ငန်းနှင့်အတူ မြေကွက်များအား ထောင့်မှန်ပုံဖော်ခြင်းကို ပြုလုပ်သည်။ မြန်မာနိုင်ငံတွင် ၃၆၀/၁၂၀ပေ ရှိသောတစ်ကေ ကွက်ငယ်များအား လေးထောင့်ပုံမြေကွက်များ ပြုလုပ်နိုင်ခဲ့သည်။ လယ်ယာမြေ ပြန်လည်နေရာချထားရေးအား အကြမ်းဖျဉ်းပုံစံ ပြင်ဆင်ခြင်းကို အောက်တွင် ဖော်ပြထားသော အချက်များအား အခြေခံ၍ ဖော်ပြသင့်သည်။

အသစ်ပြန်လည်ပြင်ဆင်ထားသောနေရာအားလုံးတွင်မူလလယ်သမားများ တက်နိုင်သမျှ ပြုလုပ်ခဲ့သော အဓိကအားဖြင့် တက်နိုင်သမျှ သူတို့၏ တူညီသောနေရာများလယ်သမားတစ်ယောက်သည် စီမံကိန်းဧရိယာအတွင်း မြေတစ်ကွက်သည် ဟိုတကွက် ဒီတကွက် ဖြစ်နေပါက ၎င်းပိုင်ဆိုင်သော အကွက်ငယ်များအား စုစည်း၍ အကွက်သစ်ပြန်လည် တည်ဆောက်၍ တစ်ကေဧရိယာ သို့မဟုတ် နေရာတစ်ခုသည် လယ်မြေကေပမာဏပေါ် မူတည်၍ လယ်ယာမြေများအား အညီအမျှ စုစည်းခဲ့သည်။

လယ်ယာမြေ အပိုင်းအစများ စုစည်းထားပြီး အသေးဆုံးတစ်ကေကို လယ်သမားအများက ပိုင်ဆိုင်သည်။ လယ်ကွက်များအားညီတူညီမျှခွဲဝေရန်လယ်သမားများ၏ဆန္ဒအရအောက်ပါအတိုင်းအတာများကိုလုပ်ဆောင်နိုင်သည်။တစ်ကေမြေ ကွက်မှ များပြားသော လယ်ကွက်များပြုလုပ်ရန် ၂၀-၃၀စင်တီမီတာ အမြင့်ရှိသော ကန်းတစ်ခုပြုလုပ်သည် ၎င်းတို့ပိုင်ဆိုင်သော နေရာများအရ သေးငယ်သော မြေနေရာတစ်ခုစီအား ပါဝင်သော လယ်သမားများအား အပြန်အလှန် နေရာခွဲဝေ သတ်မှတ်ပေးခဲ့သည်။ သေးငယ်သော မြေကွက်တွင် တိကျသော နေရာသိရှိရန် အကွက်နံပါတ်F3 တွင် F3/1 ၊F3/2 နှင့် F3/3 ကဲ့သို့သော အကွက်နံပါတ်များဖြင့် လယ်သမား သုံးယောက်အား အသီးသီး ထားရှိသည်။

သေးငယ်သော လယ်ကွက်ပေါ်တွင်လယ်သမား အားလုံး တစုတစည်းတည်း အလုပ်လုပ်ရန် သဘောတူညီမှု အခြေအနေပေါ်တွင်အများအားဖြင့် တစ်ဦးနှင့်တစ်ဦး အလုပ်များအား တစုတစည်းတည်း လုပ်ဆောင်၍ မူလမြေကွက် အရွယ်အစား အရသီးနှံများအား မျှဝေသင့်သည်။ လယ်သမားတစ်ဦးမှ အလွန်သေးငယ်သော အရွယ်အစားရှိလျှင် ၎င်းမြေကွက်အား မိမိနှင့်ကပ်လျက် လယ်သမားအား ရောင်းချမှုများ ပြုလုပ်နိုင်သည်။ ဤကိစ္စတွင် ရောင်းချချင်သော လယ်သမားများ အားလုံးကို ဈေးနှုန်းသတ်မှတ်ပေးသင့်သည်။


လယ်ယာမြေပြန်လည်နေရာချထားခြင်းပုံမှန်အစည်းအဝေးအစတွင်ပါဝင်သော လယ်သမားများအား အထက်ဖော်ပြပါ တိုင်းတာမှုများအားရှင်းပြသင့်သည်။တိုင်းတာမှုနှင့်အတူစီမံခန့်ခွဲရေးကော်မတီမှအရင်စုစည်းပြင်ဆင်ခဲ့သောပြန်လည်နေရာချထား ခြင်းအကြမ်းဖျဉ်းပုံအားပြသမည်။ပြန်လည်နေရာချထားရေးပုံကြမ်းဥပမာအားအောက်တွင်ပြသထားသည်ဘယ်ဘက်ပုံသည်မူလ

မြေပုံအားပြသပြီးညာဘက်သည်လေးထောင့်ပုံတစ်ဖေကလယ်ကွက်များစီစဉ်ထားပုံအားပြသထားသည်။အောက်တွင်ပပေးထားသော ဇယားသည် မူလလယ်မြေပုံနှင့် အသစ်ပြန်လည် ဖော်ဆောင်ထားသောပုံအား နှိုင်းယှဉ်ပြသထားသည်။

ပြန်လည်နေရာချထားခြင်း၏အကြမ်းဖျဉ်းပုံစံသည်SLRDမှ ပိုင်ဆိုင်သော မြေစာရင်းမူလ မြေစာရင်းနှင့် လယ်ယာမြေဖော်ဆောင်ရေး ပုံစံအား အခြေခံ၍ ပြင်ဆင်ခဲ့သည်။ လယ်သမားအဖွဲ့၏ စီမံခန့်ခွဲရေး ကော်မတီ သည်အစီအစဉ်များ ကိုစီမံမည်ဖြစ်သည်။ ၎င်းအချက်များတွင် ကော်မတီအဖွဲ့ဝင်များ အတွက် အစီအစဉ် အကြမ်းဖျဉ်း ပြင်ဆင်မှုတွင် အခက်အခဲများ တွေ့နိုင်သည်။ ယခုကိစ္စတွင် SLRD မှစီမံခန့်ခွဲရေး ကော်မတီအား အစီအစဉ် ပြီးစီးသည့်တိုင် ကူညီရမည်ဖြစ်သည်။

နေရာပြန်လည်ချထားရေး အစီအစဉ်အား စီမံခန့်ခွဲရေး ကော်မတီမှ ပါဝင်သောလယ်သမားများမှ ပြန်လည်နေရာချ ထားရေး အပေါ်တွင် သီးခြားရည်ရွယ်ချက်များ၏ သဘောတူညီမှု ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့သည်။ ၎င်းအချက်ထဲတွင် တချို့လယ်သမားများသည် ၎င်းတို့၏ လယ်ယာမြေများအား အသစ်ပြန်လည် ပြုပြင်ခြင်းတွင် သဘောမတူသူများ ရှိသည်။ ထိုကိစ္စတွင် စီမံခန့်ခွဲရေး ကော်မတီနှင့် SLRDမှ ပါဝင်သောလယ်သမားများ အချင်းချင်း ဆွေးနွေးမှုတွင် ကြားဝင်ဖြေရှင်း ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။ ပုံမှန်အစည်းအဝေး ပြုလုပ်ရာတွင် ပျက်ကွက်သော လယ်သမားများ ရှိနိုင်သကဲ့သို့ အစည်းအဝေး ပြီးစီးသည့်တိုင်အောင် နေရာပြန်လည်ချထားခြင်းတွင် သဘောမတူညီသူများလည်း ရှိနိုင်သည်။ ထိုကိစ္စတွင် စီမံခန့်ခွဲရေး ကော်မတီမှ ပါဝင်သော လယ်သမားများအား မြေပြင်လုပ်ငန်း အကောင်အထည် ဖော်ခြင်းတွင် စုရုံးဆင့်ခေါ်ခြင်း သို့မဟုတ် အိမ်တိုင်ရာရောက် သွားရောက်ခြင်းများ ပြုလုပ်သင့်သည်။ ၎င်းလေ့ကျင့်မှုများကို စီမံကိန်းပြီးဆုံး သည့်တိုင်အောင် လယ်သမားများ လယ်ယာမြေ ပြန်လည်နေရာ ချထားခြင်းအား သဘောတူညီလာစေရန် ဆောင်ရွက်မည်ဖြစ်သည်။






| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | တောင်သူအမည် | စီမံကိန်းအကောင်အထည်မဖော်မီ | | | | | | စီမံကိန်းအကောင်အထည်ဖော်ပြီး | | | | | | သဘောတူညီချက်လက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 | 4 | 5-ဖန်/ဖီ | စုစုပေါင်း | 1 | 2 | 3 | 4 | 5-ဖန်/ဖီ | စုစုပေါင်း | |
| | | | | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | ကွင်း / ဦးပိုင် / ဧက | | |
| ၁ | [illegible] | [illegible] | | 1654 | 1654 | | | | 4.35 | C-11 | C-11/12 13 &12-13 | | | | 4.00 | |
| | | | | 23 | 24 | | | | | | | | | | | |
| | | | | 0.38 | 3.97 | | | | | 0.35 | 3.65 | | | | | |
| ၂ | [illegible] | [illegible] | | 1654 | | | | | 2.71 | C-15-16 C-15-16 19 | | | | | 2.49 | |
| | | | | 28 | | | | | | | | | | | | |
| | | | | 2.71 | | | | | | 2.49 | | | | | | |

<u>ပုံ(၃.၆.၂) လယ်ယာမြေပြန်လည်နေရာချထားရေးမှတ်တမ်း(အကြမ်း)</u>

### (၃.၇) ပြန်လည်နေရာချထားသောလယ်ယာမြေများအားလုပ်ပိုင်ခွင့်အတည်ပြုသတ်မှတ်ခြင်း

လယ်ယာမြေဖော်ဆောင်ရေးလုပ်ငန်းများပြီးစီးသောအခါလယ်ယာမြေများအားစာရင်းပြုလုပ်ခြင်းပြုလုပ်မည်ဖြစ်သည်။ လယ်ယာမြေ မှတ်တမ်းဆိုသည်မှာ မြန်မာနိုင်ငံ ပြည်နယ်များတွင် ကိုယ်ပိုင်မြေအဖြစ် သတ်မှတ်ထားပြီး လယ်ယာမြေများတွင် စိုက်ပျိုးနိုင်သော အခွင့်အရေး တစ်ခုဖြစ်သည်။ ၎င်းဖြစ်စဉ်အား အောက်တွင်ဖော်ပြထားသည်။

အလုပ်ပြီးစီးမှုအပေါ်တွင်မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဌာနမှလယ်ယာမြေဖော်ဆောင်ခဲ့သောမြေကွက်ပုံများနှင့်အကွက်နံပါတ် များ ပါ ပြသထားသော နေရာပြန်လည် ချထားရေးမြေပုံအား ပြင်ဆင်ခဲ့သည်။

အထက်ပါ သဘောတူထားသော နေရာမြေပြန်လည်ချထားရေး မြေပုံ(ပုံ၃.၆.၂ တွင် ပြသထားသည်) အားလွဲပြောင်းပေးအပ်ခြင်း စီမံခန့်ခွဲရေးကော်မတီမှသက်ဆိုင်သော လယ်သမားများအား ၎င်းမြေကွက်များ ကိုမူလနေရာမှ ပြန်လည်ပြောင်းရွှေ့မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

စီမံခန့်ခွဲရေးကော်မတီနှင့်လယ်သမားများ အတည်ပြုခြင်းအပေါ် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန မှယခုမြေကွက်များအား စာရင်းပြုစုရန် နှင့် လယ်သမားများ၏ မြေစာရင်း နှင့်ပက်သတ်သော အခွင့်အရေးများ အတည်ပြုရန် ပြုလုပ်နေပါသည်။

မြေကွက်၏အဓိကအကြောင်းအရင်းအတွက်မြေပိုင်ဆိုင်ခွင့်စာချုပ်ကိုကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှငြင်းဆိုမှုအပေါ် လယ်သမားများသည် တရားဝင် ညွှန်ကြားချက်များကို တောင်းခံခဲ့သည်။

မှတ်တမ်းတင်ခြင်းများအား ပြုလုပ်နေစဉ် အတွင်း လယ်သမားတချို့ သည်သူတို့၏ မြေကွက်များအား သူတို့၏ကပ်လျက်မြေကွက်များ အထူးသဖြင့် ဝ.၂၅ဧကထက် နည်းသောမြေကွက်ငယ်များ ကိုရောင်းချခြင်းများ ပြုလုပ်ရသည်။ လယ်သမားတစ်ယောက်သည် ၎င်းနှင့်ကပ်လျက် မြေကွက်အား ဝယ်ယူလိုခြင်း စသော ကိစ္စများ ဖြစ်ပွားနိုင်သည်။ မှတ်တမ်းတင်ခြင်းများ ပြင်ဆင်နေစဉ်အတွင်း လယ်ယာမြေ လုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်သည်။ လယ်ယာမြေ ပြန်လည်နေရာ ချထားခြင်းအား အဆုံးသတ်နေစဉ် အတွင်း၎င်းလုပ်ငန်းများ ဖြစ်ပွားနိုင်သည်။

မြေကွက်လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လက်ရှိအခြေအနေတွင် မြေပိုင်ဆိုင်ခွင့် လုပ်ငန်းများသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖြစ်သောကြောင့် မှတ်တမ်းများ ပြင်ဆင်နေစဉ်အတွင်း တစ်ယူနစ် ဈေးနှုန်းများအား အတည်တကျ သတ်မှတ်သင့်သည်။ ထိုသို့ဈေးနှုန်း သတ်မှတ်ရာတွင် ကွာခြားသော ဈေးနှုန်းများ ရှိနိုင်လျှင် သက်ဆိုင်ရာ လယ်သမားများ အားလုံးကို နေရချထားရန် အချိန်ကြာမြင့် ယူရမည်။ မှတ်တမ်းတင်မှုဖြစ်စဉ်အားလွယ်ကူချောမွေ့စေရန်မှတ်တမ်းတင် ခြင်းအတွက်ပြင်ဆင်ခြင်းအဆင့်အတွင်းဈေးနှုန်းသတ်မှတ်ခြင်းအားပြုလုပ်ခဲ့သည်။

ဈေးနှုန်းအားပေါက်ဈေးအတိုင်းဇယားနံပါတ်(၂.၅)တွင်ဥပမာအဖြစ်ပြသထားသည့် ဧရိယာအတွင်းသတ်မှတ်ထားသင့်သည်။ဈေးနှုန်းသတ်မှတ်ခြင်းအား ပထမဦးစွာအကြမ်းရေးဆွဲ၍စီမံခန့်ခွဲ ရေးကော်မတီနှင့်အတူSLRDမှအရာရှိများလယ်ယာမြေပြန်လည်နေရာချထားရေးအစီအစဉ်အားသဘောတူညီကြောင်းတင်ပြခဲ့သည်။ဈေးနှုန်းသတ်မှတ်ခြင်းအားပါဝင်သောလယ်သမားများနှင့်သူတို့၏သဘောတူညီမှုအပေါ်တွင်ဆွေးနွေးသင့်သည်။

**(၃.၆) သင့်လျော်သော ဈေးနှုန်းသတ်မှတ်ခြင်း**

JICA မှအဆင့်မြင့်လယ်ယာဖော်ဆောင်ရေးစီမံကိန်းအတွက် ငွေကြေးများထောက်ပံ့ ပေးခဲ့ပြီး ၂၀၁၃မှ ၂၀၁၄အတွင်း ပြီးစီးအောင်မြင်ခဲ့ပြီး လယ်ယာမြေမှတ်တမ်းတင်ခြင်း မပြုလုပ်မီ လယ်ယာမြေများအား တစ်ဧကဈေးနှုန်းသတ်မှတ်ထားခဲ့သည်။ ဇမ္ဗူသီရိမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့်စီမံခန့်ခွဲရေးကော်မတီမှ အစည်းအဝေးများကျင်းပခဲ့ပြီး တစ်ဧကဈေးနှုန်းအားသိန်း(၃၀)ကျပ်ဖြင့် သတ်မှတ်ခဲ့သည်။

တစ်ဧကဈေးနှုန်းအားအကြမ်းဖျဉ်းသတ်မှတ်ပြီးနောက် လယ်သမားများကြားတစ်ဧကဈေးနှုန်း သတ်မှတ်ခြင်းအားတိုင်ပင်ဆွေးနွေးညှိနှိုင်းခဲ့ သည်။ဆွေးနွေးတိုင်ပင် မှုရလာဒ်များအရ လယ်သမားများ၏မြေပိုင်ဆိုင်ခွင့်စာချုပ်အား တစ် ဧကဈေးနှုန်း သိန်း၃၀ကျပ်ဖြင့်သတ်မှတ်ပြီး စီမံခန့်ခွဲရေးကော်မတီအားတင်ပြခဲ့သည်။ ထို့နောက်၂၀၁၄မတ်လမှဧပရယ်လအတွင်း မှတ်တမ်းပြင်ဆင်နေစဉ်ဈေးနှုန်း သတ်မှတ်ခြင်းအား ပြုလုပ်ခဲ့သည်။